မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၇ ] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) } သောကြာနေ့ [ အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

### အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၉။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်–

(က) ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — ဥက္ကဋ္ဌ

(ခ) အကျိုးတော်ဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — ဒုတိယဥက္ကဋ္ဌ

(ဂ) နိုင်ငံတော်အတွင်း ဩဇာတိက္ကမ ကြီးမားသည့်
ဆရာတော်များအနက် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်
ဝန်ကြီးဌာနက လျှောက်ထားတာဝန်ပေးအပ်သောဆရာတော်နှစ်ပါး — အဖွဲ့ဝင်

(ဃ) ဒုတိယဥက္ကဋ္ဌ ခြောက်ပါး
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — အဖွဲ့ဝင်

(င) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်ဆရာတော်များအနက် ဝန်ကြီးဌာနက လျှောက်ထားတာဝန်ပေးအပ်သော ဆရာတော်သုံးပါး — အဖွဲ့ဝင်

(စ) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) — အဖွဲ့ဝင်

(ဆ) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) — အဖွဲ့ဝင်

(ဇ) ဌာနကြီးမှူးဆရာတော်များ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် — အဖွဲ့ဝင်

(ဈ) ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် — အတွင်းရေးမှူး

(ည) ဒုတိယပါမောက္ခချုပ်ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်” — တွဲဖက်အတွင်းရေးမှူး

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တွင်ပါရှိသော “ကြပ်မတ်၍” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၂။ သြဝါဒါစရိယအဖွဲ့ အစည်းအဝေးကို-

(က) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ် ခေါ်ယူကျင်းပနိုင်သည်။”

၅။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၃ တွင်-

(က) ပုဒ်မခွဲ (ခ) ၌ “ နှင့် မဟာဌာနမှူးများ” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ၏ နောက်၌ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဂ) ဌာနကြီးမှူးများ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊” — နာယကအဖွဲ့ဝင်

(ဂ) ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ) နှင့် (ည) တို့ကို ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၆။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၅။ ကောင်စီအစည်းအဝေးကို-

(က) သြဝါဒါစရိယအဖွဲ့ အစည်းအဝေးမတိုင်မီ သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) လိုအပ်ပါက အခြားအချိန်များတွင်လည်း ခေါ်ယူကျင်းပနိုင်သည်။”

၇။　အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဗ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဗ)။ ဝန်ထမ်းဖွဲ့စည်းပုံတွင် ပါဝင်ခြင်းမရှိသည့် ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော လူပုဂ္ဂိုလ်ပညာရှင်များကို သင်ကြားရေးကဏ္ဍအတွက် ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို အစည်းအဝေးအတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊ ယင်းတို့အတွက် လှူဒါန်းထောက်ပံ့ခြင်း သို့မဟုတ် ချီးမြှင့်ခြင်း၊"

၈။　အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း (၆) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် အခြားသင်ကြားဆရာတော်များ"

၉။　အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၇။ (က) ဝန်ကြီးဌာနသည်–

(၁) ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ကို ခန့်အပ်ရမည်။

(၂) တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ကို စတင်ခန့်အပ်သည့်နေ့မှစ၍ တစ်ဆက်တည်း ၁၅ နှစ်အထိ ခန့်အပ်နိုင်သည်။

(၃) ခန့်အပ်နိုင်သောကာလပြည့်သည့် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့အား ယင်းတို့၏ ကျန်းမာရေးကောင်းမွန်မှု၊ တာဝန်ဆက်လက်ထမ်းဆောင်လိုမှုတို့ အပေါ်မူတည်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်လက်ခန့်အပ်နိုင်သည်။

(ခ) တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့သည် မိမိကို ခန့်အပ်ထားသောကာလမကုန်ဆုံးမီ ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်။

(ဂ) တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့သည် ပုဒ်မ ၁၈ ပါ ဂုဏ်အင်္ဂါအရည်အချင်းတစ်ခုခု ပျက်ယွင်းကြောင်း သို့မဟုတ် ပေးအပ်သောတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်ပါက ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကိုခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

(ဃ) ခန့်အပ်ထားသောကာလ ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ရာထူးနေရာလစ်လပ်လျှင် ဝန်ကြီးဌာနက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ခန့်အပ်ရမည်။"

၁၀။　အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ နောက်တွင် ပုဒ်မ ၁၇–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၇–က။ (က) ဌာနကြီးမှူး၊ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခဆရာတော်တို့၏ ရာထူးသက်တမ်းသည် သက်တော် ၆၅ နှစ် ပြည့်သည်အထိဖြစ်သည်။

( ခ ) ဝန်ကြီးဌာနသည် ရာထူးသက်တမ်းပြည့်သည့် ဌာနကြီးမှူးနှင့် ပါမောက္ခဆရာတော်တို့အား ဆက်လက်ခန့်အပ်လိုပါက အဆိုပါဆရာတော်များ၏ ကျန်းမာရေးကောင်းမွန်မှု၊ တာဝန်ဆက်လက်ထမ်းဆောင်လိုမှုတို့အပေါ်မူတည်၍ သက်တမ်းတိုးခန့်အပ်နိုင်သည်။

( ဂ ) ရာထူးသက်တမ်း ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်စေ ဌာနကြီးမှူး၊ ပါမောက္ခ သို့မဟုတ် တွဲဖက်ပါမောက္ခဆရာတော် ရာထူးနေရာ လစ်လပ်လျှင် ဝန်ကြီးဌာနက သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ရမည်။"

၁၁။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၈ တွင်−

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ပါရဂူဘွဲ့" ဆိုသည့် စကားရပ်ကို "ဗုဒ္ဓဘာသာသာစာပေဆိုင်ရာပါရဂူဘွဲ့ တစ်ခုခုကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်−

"(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံးနှစ်ခု အောင်မြင်ရမည်−

(၁) သာသနဓဇ ဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသီလ ဓမ္မာစရိယ၊

(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) သို့မဟုတ် သာသန တက္ကသီလ မဟာဓမ္မာစရိယ၊

(၃) သကျသီဟ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊

(၄) စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက။"

( ဂ ) ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၈) ကို အောက်ပါအတိုင်း အစားထိုးရမည်−

"(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း၊ ပြောလွယ်ဆိုလွယ်ဖြစ်ခြင်း "သောဝစဿတာဂုဏ်"။"

(ဃ) ပုဒ်မခွဲ (ဇ) ၏ နောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်−

"(ဈ) တက္ကသိုလ်တွင် ပါမောက္ခ သို့မဟုတ် ဌာနကြီးမှူးအဖြစ် လုပ်သက်အနည်းဆုံး သုံးနှစ် တာဝန် ထမ်းဆောင်ခဲ့သော ဆရာတော်ဖြစ်ရမည်။"

၁၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၁၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း (၁၀) အထွေထွေအခန်းတွင် ပုဒ်မ ၃၄ နှင့် ၃၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်−

"၃၄။ ဝန်ကြီးဌာနသည်−

(က) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

( ခ ) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများ လိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်ပေးရမည်။

( ဂ ) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများသည် ပုဒ်မခွဲ (ခ) အရ သတ်မှတ်သည့်စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက အရေးယူရမည့် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၃၅။ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများသည် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းများအရ အရေးယူခြင်း ခံရမည်။”

၁၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ မူလပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ တို့ကို ပုဒ်မ ၃၆၊ ၃၇ နှင့် ၃၈ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၆/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ဦးဟံသာမြင့်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ “နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်း သတ်မှတ်ချက်ဖြင့် ၎င်းကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

### ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်စန်းဝင်း အား ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

**မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်၍ ၎င်းအာမခံစနစ်၏ အကျိုးကျေးဇူးကြောင့် ကျန်းမာရေးအတွက် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးကုန်ကျစရိတ် သက်သာစွာဖြင့် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိစေရေးနှင့် အမျိုးသားကျန်းမာရေးအာမခံစနစ် တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ စနစ်တကျရှိစေရေးနှင့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ လိုအပ်သောအကြံဉာဏ်များနှင့် လမ်းညွှန်မှုများ ပေးအပ်ရန်နှင့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားကျန်းမာရေး အာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (င) | ဗိုလ်ချုပ် စိုးဝင်း (ငြိမ်း)<br>တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏<br>ဆေးဘက်ဆိုင်ရာအကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာ ဖေသက်ခင်<br>ပြည်ထောင်စုဝန်ကြီး (ငြိမ်း) | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ သန်းထွန်းစိန်<br>ညွှန်ကြားရေးမှူး (ငြိမ်း) | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့၏လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ စနစ်တကျရှိစေရေးနှင့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက် နိုင်ရေး လိုအပ်သောအကြံဉာဏ်များနှင့် လမ်းညွှန်မှုများပေးအပ်ရန်၊

( ခ )　မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး ဆောင်ရွက်ရာတွင် နီးနွှယ်ဝန်ကြီးဌာနများအကြား လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊

( ဂ )　မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆန်းစစ်လမ်းညွှန်မှုများ ဆောင်ရွက်ပေးရန်၊

(ဃ)　မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအကြံပေးအဖွဲ့မှ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ပေါ်ပေါက်လာစေရေး ဆောင်ရွက်မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အခါအားလျော်စွာ တင်ပြပေးရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

## မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။　မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်၍ ၎င်းအာမခံစနစ်၏ အကျိုးကျေးဇူးကြောင့် ကျန်းမာရေးအတွက် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးကုန်ကျစရိတ်သက်သာစွာဖြင့် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိစေရေးနှင့် အမျိုးသားကျန်းမာရေး အာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ စနစ်တကျ ရှိစေရေးနှင့် ညှိနှိုင်းပေါင်းစပ်မှုများဆောင်ရွက်၍ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် **မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးလုပ်ငန်းအဖွဲ့** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါက်တာ အေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဦးစန်းလွင်<br>ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | ဦးညွန့်ဝင်း<br>အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာ စန္ဒာဦး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးတင်ကိုကိုနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးစိန်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒေါက်တာ မြင့်မြင့်သန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာ မြတ်ဝဏ္ဏာစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာ စန်းစန်းအေး<br>ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဗိုလ်မှူးချုပ် တင်မောင်လှိုင် (ငြိမ်း) | အဖွဲ့ဝင် |
| ( ဌ ) | ဒေါက်တာ မြင့်ဟန်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | အဖွဲ့ဝင် |
| ( ဍ ) | ဒေါက်တာ သန်းနိုင်စိုး<br>ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒေါက်တာ မောင်မောင်ဌေးဇော်<br>ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ဒေါက်တာ ငြိမ်းအေးထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အခြေခံကျန်းမာ)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(တ) ဒေါက်တာ ကေခိုင်အေးမောက် — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ
ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန
ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်

(ထ) ဒေါက်တာ လတ်လတ်ဝေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ပုဂ္ဂလိကကျန်းမာ)
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဒ) ဒေါက်တာ သက်မွန်သန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ကုသရေး)
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဓ) ဗိုလ်ကြီး ဝင်းထွဋ်ရှိ — အဖွဲ့ဝင်
ဦးစီးအရာရှိ (တတိယတန်း)
ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(န) ဒေါက်တာ သန့်စင်ထူး — အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်
ကျန်းမာရေးဝန်ကြီးဌာန

(ပ) ဒေါက်တာ ဖြူဝင်းသန့် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးရန်၊

(ခ) မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး ဆောင်ရွက်ရာတွင် နီးနွယ်ဝန်ကြီးဌာနများအကြား လိုအပ်သည့်ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးရန်၊

(ဂ) မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ငန်းစီမံချက်ရေးဆွဲ၍ တင်ပြရန်၊

(ဃ) မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအကြံပေးအဖွဲ့၏ လမ်းညွှန်မှုများကိုခံယူ၍ လုပ်ငန်းဆောင်ရွက်မှုများ၊ လုပ်ငန်းတိုးတက်မှုများကို တစ်လ (၁) ကြိမ် အစီရင်ခံစာတင်ပြရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာ သန်းသန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန<br>စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ နေဝင်းဦး<br>ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးအောင်ဆန်းဦး | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ( ခ ) | ဦးမြင့်ချို | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါအရာထမ်းအား **ပြည်သူ့ဝန်ထမ်းကောင်း** တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်**

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၂၆၀၆) | ဦးသိန်းဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် |

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါအရာထမ်း (၂) ဦးအား **ပြည်သူ့ဝန်ထမ်း** တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်သူ့ဝန်ထမ်းတံဆိပ်**

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၂၃၀၃) | ဦးမင်းသိမ်း | ဒုတိယအမြဲတမ်းအတွင်းဝန် |
| (၂၃၀၄) | ဦးညီညီလွင် | ညွှန်ကြားရေးမှူး |

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါအမှုထမ်းအား **ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး** တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၂၅၆၇) | ဦးသီရိဇေယျာထွန်း | အကြီးတန်းစာရေး |

သန်းကျော်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂) အရ "ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်" ကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂) အရ "ပြည်သူ့ဝန်ထမ်းတံဆိပ်" ကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂) အရ "ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်" တို့ကိုလည်းကောင်း ချီးမြှင့်အပ်နှင်းလိုက်သည်-

၁။ **စီမံရေးရာဦးစီးဌာန**

(က) **ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်**

| စဉ် | အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|---|
| (၁) | ၁၇၀၆၄ | ဒေါ်မြင့်မြင့်နွယ် | ဒုတိယဦးစီးမှူး |

(ခ) **ပြည်သူ့ဝန်ထမ်းတံဆိပ်**

| စဉ် | အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|---|
| (၁) | ၅၁၂၉၇ | ဒေါ်မြတ်ဆုသင်း | ဒုတိယညွှန်ကြားရေးမှူး |
| (၂) | ၅၁၂၉၈ | ဒေါ်ရည်မွန်ကျော် | ဦးစီးအရာရှိ |

၂။ **တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန**

(က) **ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်**

| စဉ် | အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|---|
| (၁) | ၁၇၀၆၅ | ဦးနိုင်ဝင်းအောင် | စုံစမ်းရေးမှူး |

(ခ) **ပြည်သူ့ဝန်ထမ်းတံဆိပ်**

| စဉ် | အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|---|
| (၁) | ၅၁၂၉၉ | ဦးဖြိုးစိုးကြည် | ဒုတိယညွှန်ကြားရေးမှူး |
| (၂) | ၅၁၃၀၀ | ဒေါ်ကျော့ခိုင်ဆွေဦး | ဦးစီးအရာရှိ |
| (၃) | ၅၁၃၀၁ | ဦးငြိမ်းမင်း | ဦးစီးမှူး |
| (၄) | ၅၁၃၀၂ | ဦးစောလွင်ထွန်း | ဒုတိယစုံစမ်းရေးမှူး |

(ဂ) **ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**

| စဉ် | အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|---|
| (၁) | ၆၁၇၁၀ | ဦးမြတ်သူအောင် | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး) |

တင်ဦး

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

**ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အတွင်းရေးမှူး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူး အဖြစ် ပါဝင်သော ဦးဟောက်ကျင်မုန်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန **အစား** ဦးနန္ဒအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနကို အစားထိုးပြင်ဆင် ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ ဌေးအောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ "ပြည်သူ့ဝန်ထမ်းကောင်း" တံဆိပ်ကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက် အရ "ပြည်သူ့ဝန်ထမ်း" တံဆိပ်နှင့် အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂) ဖြင့် "ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်" တို့ကိုလည်းကောင်း ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်**

(၂၆၁၂) ဦးရဲဝင်းသန်း၊ လက်ထောက်အတွင်းဝန်

(၂၆၁၃) ဦးဇော်ဇော်စိုး၊ ညွှန်ကြားရေးမှူး

(၂၆၁၄) ဦးဝင်းနိုင်ဆွေ၊ အကြီးတန်းစာရေး

**ပြည်သူ့ဝန်ထမ်းတံဆိပ်**

(၂၃၂၉) ဒေါ်ပပမျိုး၊ ဒုတိယဦးစီးမှူး

**ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**

(၂၅၉၇) ဦးသူရိန်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး

(၂၅၉၈) ဦးအောင်ကိုကိုလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး

(၂၅၉၉) ဦးစစ်မှူးအောင်၊ ဦးစီးအရာရှိ

(၂၆၀၀) ဦးဝင်းမြင့်၊ ဦးစီးအရာရှိ

(၂၆၀၁) ဦးခန့်ကို၊ ဦးစီးအရာရှိ

(၂၆၀၂) ဦးဟိန်းမင်းထက်၊ ဦးစီးအရာရှိ

(၂၆၀၃) ဦးငြိမ်းချမ်းကျော်၊ ဦးစီးအရာရှိ

(၂၆၀၄) ဦးကောင်းမြတ်၊ ဦးစီးအရာရှိ

(၂၆၀၅) ဦးဇေမင်းပိုင်၊ ဦးစီးအရာရှိ

(၂၆၀၆) ဦးကျော်ဇင်ဦး၊ ဒုတိယဦးစီးမှူး

(၂၆၀၇) ဦးသန့်ဇော်၊ ဒုတိယဦးစီးမှူး

(၂၆၀၈) ဦးထက်ထက်အောင်၊ ဒုတိယဦးစီးမှူး

(၂၆၀၉) ဦးသက်လင်းဦး၊ အကြီးတန်းစာရေး

(၂၆၁၀) ဦးအောင်ကို၊ အကြီးတန်းစာရေး

ဗိုလ်ချုပ်ကြီး မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၂၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၄၀/ မြိုင်ကလေးတောင်ကွင်း)၊ မြေကွက်အမှတ် (၂၀၅) ရှိ မြေဧရိယာ **၀.၁၉ ဧက**၊ ကွင်းအမှတ်/အမည် (၁၀၃၇-ခ/ ရေကျော်၊ ၁၀၃၈/မြိုင်ကလေးရွာကြီး၊ ၁၀၃၉/ မြိုင်ကလေးအနောက်)၊ ဦးပိုင်အမှတ်(-)၊ **မြေဧရိယာ ၄၅.၃၂ ဧက**၊ လှာကာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၃၇-က/ပဲကုန်းအနောက်၊ ၁၀၃၅/တံတားဦးမြောက်၊ OSS.၅၇/လေးတိုင်ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ ၆၈.၉၀ ဧက စုစုပေါင်းမြေဧရိယာ ၁၁၄.၄၁ ဧက** အား **မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဌာနအဖွဲ့အစည်းများမှ ပူးတွဲပါ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း (၄၁၈) ဦးတို့အား ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ချီးမြှင့်လိုက်သည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ်**

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်**

| စဉ် | ဌာနအမည် | ဦးရေ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၄ |
| ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၃၆ |
| ၃ | စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | ၇ |
| ၄ | ဗဟိုစာရင်းအင်းအဖွဲ့ | ၉ |
| ၅ | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | ၁ |
| ၆ | အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | ၁ |
| ၇ | မြန်မာ့စီးပွားရေးဘဏ် | ၁၂၃ |
| ၈ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၁၃ |
| ၉ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | ၆ |
| ၁၀ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၆၇ |
| ၁၁ | မြန်မာ့အာမခံလုပ်ငန်း | ၆ |
| ၁၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | - |
| ၁၃ | ငွေတိုက်ဦးစီးဌာန | ၂ |
| ၁၄ | ပြည်တွင်းအခွန်များဦးစီးဌာန | ၈၀ |
| ၁၅ | အကောက်ခွန်ဦးစီးဌာန | ၃၂ |
| ၁၆ | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | ၂၄ |
| ၁၇ | ပင်စင်ဦးစီးဌာန | ၇ |
| ၁၈ | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | - |
| | **စုစုပေါင်း** | **၄၁၈** |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဌာနအဖွဲ့အစည်းများမှ ပူးတွဲပါ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း (၄၉၂) ဦးတို့အား ပြည်သူ့ဝန်ထမ်းတံဆိပ်ကို ချီးမြှင့်လိုက်သည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ်**

**ပြည်သူ့ဝန်ထမ်းတံဆိပ် ထောက်ခံတင်ပြချက်**

| စဉ် | ဌာနအမည် | ဦးရေ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၁၅ |
| ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁၀ |
| ၃ | စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | ၁ |
| ၄ | ဗဟိုစာရင်းအင်းအဖွဲ့ | ၁၉ |
| ၅ | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | - |
| ၆ | အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | ၂ |
| ၇ | မြန်မာ့စီးပွားရေးဘဏ် | - |
| ၈ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၁၄ |
| ၉ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | - |
| ၁၀ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၇၀ |
| ၁၁ | မြန်မာ့အာမခံလုပ်ငန်း | ၂၉ |
| ၁၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၆ |
| ၁၃ | ငွေတိုက်ဦးစီးဌာန | ၁ |
| ၁၄ | ပြည်တွင်းအခွန်များဦးစီးဌာန | ၂၆၄ |
| ၁၅ | အကောက်ခွန်ဦးစီးဌာန | ၂၁ |
| ၁၆ | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | ၂၁ |
| ၁၇ | ပင်စင်ဦးစီးဌာန | ၁၈ |
| ၁၈ | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | ၁ |
| | **စုစုပေါင်း** | **၄၉၂** |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဌာနအဖွဲ့အစည်းများမှ ပူးတွဲပါ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း (၆၆၈) ဦးတို့အား ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်ကို ချီးမြှင့်လိုက်သည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ်**

**ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**

| စဉ် | ဌာနအမည် | ဦးရေ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၈ |
| ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၆ |
| ၃ | စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | ၁ |
| ၄ | ဗဟိုစာရင်းအင်းအဖွဲ့ | ၂၀ |
| ၅ | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | ၅ |
| ၆ | အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | ၁ |
| ၇ | မြန်မာ့စီးပွားရေးဘဏ် | - |
| ၈ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၃ |
| ၉ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | - |
| ၁၀ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၆ |
| ၁၁ | မြန်မာ့အာမခံလုပ်ငန်း | ၅ |
| ၁၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၈ |
| ၁၃ | ငွေတိုက်ဦးစီးဌာန | ၇ |
| ၁၄ | ပြည်တွင်းအခွန်များဦးစီးဌာန | ၅၆၀ |
| ၁၅ | အကောက်ခွန်ဦးစီးဌာန | ၁၂ |
| ၁၆ | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | - |
| ၁၇ | ပင်စင်ဦးစီးဌာန | ၂၄ |
| ၁၈ | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | ၂ |
| | **စုစုပေါင်း** | **၆၆၈** |

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် – ၄

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဗိုလ်ကြီးစောမျိုးမင်းထွေး (စီးပွားရေးတာဝန်ခံ) အမှတ် (၅၅၅) အထူးတပ်ရင်း KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ်။ | **နှင့်** | ညွှန်ကြားရေးမှူး မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း အကောက်ခွန်ဦးစီးဌာန။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် |

### စီရင်ချက်

အမှုမှာ ၂၈–၇–၂၀၂၁ ရက်နေ့ (၂၂:၂၀) အချိန်ခန့်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 7N–6246 (20W)၊ ပေ (၄၀) နောက်တွဲယာဉ် ခန့်မှန်းတန်ဖိုး ကျပ်သိန်း (၄၀၀) အား စစ်ဆေးရန် ဆောင်ရွက်စဉ် ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်တွင် သံပီပါပုံးခွံများနှင့် ဆားအိတ်များ အောက်၌ ပိတ်ပင် တားမြစ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများဖြစ်သော Ammonium Nitrate (1x 38 Kg) (343 PKgs) အား သိုဝှက်သယ်ဆောင်လာသည်ကိုစစ်ဆေးတွေ့ရှိရသဖြင့် ဖမ်းဆီးပြီး အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍တိကျခိုင်မာသော အဖြေရရှိရန် အဆိုပါဖမ်းဆီးရမိသည့် Ammonium Nitrate ဟုယူဆရသော အဖြူရောင်အမှုန့်အိတ်များမှ နမူနာ ထုတ်ယူပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ၊ ရန်ကုန်မြို့သို့ ပေးပို့ဓာတ်ခွဲစမ်းသပ်ခဲ့ရာ စမ်းသပ်မှုအဖြေများအရ Ammonium Nitrate (၉၉.၆ %) ရှိသော မြေဩဇာများဖြစ်ကြောင်း တွေ့ရှိရသဖြင့် အခင်းဖြစ်ပိတ်ပင်တားမြစ်ထားသည့် တရားမဝင်ပစ္စည်းများ သယ်ဆောင် ရာတွင် အသုံးပြုသောယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့မှုကို ကျေနပ်မှုမရှိပါသဖြင့် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းလျှောက်ထားလာသော အကောက်ခွန်အယူခံမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူသည် KNU/ KNLAငြိမ်းချမ်းရေးကောင်စီ၊စစ်ရေးချုပ်လုံခြုံရေး အထူးတပ်ရင်းမှစီးပွားရေးတာဝန်ခံဖြစ်ပြီး တပ်ရင်းကိုယ်စား အမည်ခံ၍ အခင်းဖြစ် တွဲကားယာဉ်အမှတ် 7N–6246 အား ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် (၅၆၉–က) ရှိ Wadi Shwe Yi Co., Ltd မှ အထွေထွေမန်နေဂျာ ဦးရန်နောင် ထံမှ ကျပ်သိန်း(၁၁၀၀) ဖြင့် ၂၁–၂–၂၀၁၈ ရက်နေ့တွင် ဝယ်ယူခဲ့ပြီး မလှိုင်မြို့နေ ဦးလှိုင်ဖြိုးသူ အား (၁) လလျှင် ကျပ် (၁၀) သိန်းနှုန်းဖြင့် ၂၀–၆–၂၀၂၀ ရက်နေ့မှ ၂၀–၁၂–၂၀၂၀ ရက်နေ့အထိ (၆) လကြာငှားရမ်းခဲ့ပါကြောင်း၊ ဦးလှိုင်ဖြိုးသူ သည် အခင်းဖြစ်ပစ္စည်းများကို သယ်ဆောင်ခွင့် ရှိ မရှိ အတွေ့အကြုံမရှိသေးသူဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို မြေဆီများဟု ပြောဆိုပြီး မော်လမြိုင် ကားဂိတ်မှတင်ပေးသဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ Ammonium Nitrate များသည် ခွင့်ပြုချက်ရရှိလျှင် ပြည်ပမှ တင်သွင်းခွင့်ရှိသောကြောင့် ဥပဒေအရ ပိတ်ပင်တားမြစ်ထားခြင်းမရှိသဖြင့် ကန့်သတ်ပစ္စည်းများသာဖြစ်ရာ သိမ်းဆည်းမိန့်ပါအခင်းဖြစ် Ammonium Nitrate ကို ပိတ်ပင်တားမြစ်ထားသည့် တရားမဝင်ကုန်ပစ္စည်းဟု

ဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်း၊ Ammonium Nitrate အိတ်များသည် အရေအတွက်များပြားသောကြောင့် သံပိပါပိုးခွံများနှင့် ဆားအိတ်များ၏အောက်၌ တင်ဆောင်ရခြင်းဖြစ်ရာ ယာဉ်၏အစိတ်အပိုင်းတစ်ခုခုကို မူလပုံစံအား ပြုပြင်သို ဝှက်၍ သယ်ဆောင်ခြင်းမဟုတ်သဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း မပြုသင့်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၂၇ တွင် ဤဥပဒေအရ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ခွင့်ပြုချက်မရှိသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်ပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟုသာပါရှိပြီး သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ်ကို အရေးယူရန် ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမပါရှိကြောင်းနှင့် မူလရုံး၏၂၆-၈-၂၀၂၀ ရက်စွဲပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ကို ပယ်ဖျက်ပြီး အခင်းဖြစ်တွဲယာဉ်အား ပြန်လည်ထုတ်ယူခွင့်ပြုသည့်အမိန့် သို့မဟုတ် လျှောက်ထားသူ၏နစ်နာမှုအား ကုစားပေးသည့်အမိန့်တစ်ရပ် ချမှတ်ပေးပါရန်လျှောက်ထားတင်ပြထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးပိုင်သူမိုးအောင် က ချေပလျှောက်လဲရာ၌ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် 7N-6246 (20W) ၊ ပေ (၄၀) နောက်တွဲယာဉ်အား စစ်ဆေးရန်ဆောင်ရွက်စဉ် ယာဉ်မောင်းမှာထွက်ပြေးသွားသဖြင့် ယာဉ်အား စစ်ဆေးရာအခင်းဖြစ်မော်တော်ယာဉ်ပေါ်တွင် ခွင့်ပြုချက်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိဘဲ သံပိပါပိုးခွံများနှင့် ဆားအိတ်များအောက်၌ သိုဝှက်သယ်ဆောင်လာသော Ammonium Nitrate ဟု ယူဆရသည့် (1x 38 Kg) (343 PKgs) အဖြူရောင်အမှုန့်အိတ်များအား တွေ့ရှိသဖြင့် အဆိုပါအိတ်များမှ နမူနာထုတ်ယူပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ၊ ရန်ကုန်မြို့သို့ ပေးပို့ဓာတ်ခွဲစမ်းသပ်ခဲ့ရာ စမ်းသပ်မှုအဖြေများအရ Ammonium Nitrate (၉၉.၆%) ရှိသော မြေသြဇာများဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြေသြဇာကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀) အရ Ammonium Nitrate မြေသြဇာကို ပြည်တွင်းသို့တင်သွင်းခြင်း၊ တင်ပို့ခြင်းကို တားမြစ်ပိတ်ပင်ထားပါကြောင်း၊ Ammonium Nitrate သည် ပြည်ပမှတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများဖြစ်သဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် ၃ (က) ပါ သတ်မှတ်ချက်နှင့် ငြိစွန်းအကျုံးဝင်သည့်အတွက် အဆိုပါမော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်သာဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၂၇ တွင် ဤဥပဒေအရ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ခွင့်ပြုချက်မရှိသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်ပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ မိမိယာဉ်ပေါ်တွင် သယ်ဆောင်၍ပါရှိလာသော ကုန်ပစ္စည်းများအတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် မလွဲဧကန်တာဝန်ရှိသည်မှာ ငြင်းဆို၍မရသောအချက်နှင့်ပတ်သက်၍ “ ဦးစစ်ထင်နှင့် အကောက်ခွန်မင်းကြီး ၁၉၆၂ ခုနှစ် (မတစ)၊ စာ-၅၄၁ (တရားရုံးချုပ်) အမှု” ၏ စီရင်ထုံးဖွဲ့မှုကို တင်ပြအပ်ပါကြောင်း၊ တရားမဝင်ပိတ်ပင်တားမြစ်ထားသည့် Ammonium Nitrate များကို သယ်ဆောင်လာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ကို ချိုးဖောက်၍ တင်သွင်းလာခြင်းဖြစ်ရာ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် မူလအမိန့်ကိုအတည်ပြုပြီး အယူခံလွှာကို “ပလပ်” ပေးနိုင်ပါရန် တင်ပြထားပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်လျှောက်လဲတင်ပြချက်များကို ကြားနာခဲ့ပြီး အမှုတွဲပါပေါ်ပေါက်ချက်များကို လေ့လာစိစစ်ရာ လျှောက်ထားသူ၏ အယူခံအကြောင်းပြချက်များတွင် အခင်းဖြစ်ယာဉ်ပေါ်တွင် ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိသည့် ခွင့်ပြုချက်စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော မြေဆီဟုဆိုသည့် အဖြူရောင် အမှုန့်အိတ်များသည် ဓာတ်ခွဲစမ်းသပ်မှုအဖြေများအရ Ammonium Nitrate (99.60 %) ပါဝင်မှုရှိသော ဓာတ်မြေသြဇာများ ဖြစ်ကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက်ကြောင်း တွေ့ရှိရသည်။ မြေသြဇာကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀) တွင် Ammonium Nitrate မြေသြဇာအား တင်သွင်းခြင်း၊ တင်ပို့ခြင်းကို တားမြစ် ပိတ်ပင်ထားသဖြင့် Ammonium Nitrate (99.60 %) ပါဝင်မှုရှိသော သက်သေခံဓာတ်မြေသြဇာများသည် ပြည်တွင်းသို့ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများဖြစ်ကြောင်းထင်ရှားသည်။ လုပ်ငန်းခွင်သုံး

ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေတွင်လည်း အမိုနီယမ်နိုက်ထရိတ် ကို လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းအဖြစ် သတ်မှတ်ထားပြီး ယင်းဥပဒေပုဒ်မ ၁၉ (က) အရ အမိုနီယမ်နိုက်ထရိတ်များကို ခွင့်ပြုချက်မရရှိဘဲ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရန် တားမြစ်ထားသောကြောင့် သက်သေခံ အမိုနီယမ်နိုက်ထရိတ်များသည် တားမြစ်ကုန်စည်များဖြစ်သည်မှာ ထင်ရှားပေါ်ပေါက်ပါသည်။

လျှောက်ထားသူက လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၂၇ တွင် ယင်းဥပဒေအရ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ဟုသာပါရှိပြီး သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ်ကို အရေးယူရန် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမပါရှိကြောင်း၊ ၂၀၁၈ ခုနှစ်၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်သည် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပြီး ၁၉၇၈ ခုနှစ်၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်သည် ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်ဖြစ်၍ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (ဆ) အရ ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်ဟူသောပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိသောကြောင့် ဥပဒေကြောင်းအရ မှားယွင်းနေကြောင်း တင်ပြလျှောက်ထားချက်နှင့်စပ်လျဉ်း၍ ယခုအမှုသည် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမဟုတ်ဘဲ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသာဖြစ်ခြင်း၊ ယင်းဥပဒေနှစ်ရပ်ပါ ပြဋ္ဌာန်းချက်များသည် သီးခြားဥပဒေပြဋ္ဌာန်းချက်များဖြစ်၍ ခြားနားမှုရှိနိုင်သော်လည်း ပြဋ္ဌာန်းချက်တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲသည်ဟု မဆိုနိုင်ခြင်းတို့ကြောင့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေတွင် သက်သေခံပစ္စည်းများ သယ်ဆောင်သည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ပြဋ္ဌာန်းချက် မပါရှိသဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ အရေးယူသောအမှုတွင် သက်သေခံယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် မသိမ်းသင့်ကြောင်း တွေးဆကောက်ယူရန် မဟုတ်ပေ။ ယခုအမှုတွင် သက်သေခံယာဉ်ပေါ်မှ သိမ်းဆည်းရမိသော အမိုနီယမ်နိုက်ထရိတ်များကို သယ်ယူပို့ဆောင်ခြင်းအတွက် တားမြစ်ထားခြင်း ရှိ မရှိ စိစစ်ရာ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မြေသြဇာကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀) အရလည်းကောင်း ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ခြင်းဖြစ်၍ သက်သေခံဓာတ်မြေသြဇာများ သယ်ယူလာခြင်းသည် ယင်းအက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ငြိစွန်းကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ သက်သေခံပစ္စည်းများသယ်ဆောင်သည့်ယာဉ်ကို ယင်းအက်ဥပဒေပုဒ်မ ၁၆၈ အရလည်းကောင်း အရေးယူခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိဟု မဆိုနိုင်ကြောင်း သုံးသပ်တွေ့ရှိရသည်။

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က အခင်းဖြစ်ယာဉ်အား စစ်ဆေးရန် ဆောင်ရွက်နေစဉ် ယာဉ်မောင်းသည် ထွက်ပြေးသွားကြောင်း ပေါ်ပေါက်သဖြင့် အခင်းဖြစ်ပွားစဉ်က ယာဉ်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ယာဉ်မောင်းသည် ယာဉ်ပေါ်တွင် သယ်ဆောင်လာသောပစ္စည်းများမှာ ဥပဒေ၊ ညွှန်ကြားချက်များအရ ပိတ်ပင်တားမြစ်ထားသော ကုန်စည်ဖြစ်သည်ကို ကနဦးကပင်သိရှိပြီး သယ်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်၍ အကောက်ခွန်ဦးစီးဌာနက အခင်းဖြစ်ပစ္စည်းများ သယ်ဆောင်လာသောယာဉ်ကို ယင်းအက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်းတွေ့ရှိရသည်။

သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်–

**အမိန့်**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာန၏ ၂၆–၈–၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁–မရခ/၂၀၂၀ (၂၅၈–၈) ဖြင့် ချမှတ်ခဲ့သည့် အမိန့်ကိုအတည်ပြုပြီး အယူခံလျှောက်ထားခြင်းအား **ပလပ်** လိုက်သည်။

| ကျော်ကျော် | ရီရီမြင့် | ဝင်းနိုင် |
|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် – ၉**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
| --- | --- | --- |
| ပိန်းဆာပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ သိန်းနီမြို့၊ ရှမ်းပြည်နယ်။ [ပိန်းဆာပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့၏ ကိုယ်စားလှယ် ဦးသန်းစိုး] (ပြည်သူ့စစ်တပ်ဖွဲ့ ဒု–ခေါင်းဆောင်) ၉/ ကပတ (နိုင်) ၀၁၂၁၈၉ အိမ်အမှတ် – ၁၀၄၊ ဒူးယားလမ်း၊ အမှတ် (၁) ရပ်ကွက်၊ သိန်းနီမြို့၊ ရှမ်းပြည်နယ်။ | **နှင့်** | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး အကောက်ခွန်ဦးစီးဌာန၊ မူဆယ်မြို့ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဒေါ်မို့မို့စိန်၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးအောင်ကိုသန်း (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် |

**စီရင်ချက်**

အမှုမှာ ၁၃–၂–၂၀၁၉ ရက်နေ့ (၁၆:၃၀) အချိန်ခန့်တွင် မန်ပိန်းစစ်ဆေးရေးဂိတ်၌ ယာဉ်မောင်း ဦးအောင်နိုင်မိုး မောင်းနှင်လာသည့် NISSAN UD (၁၂) ဘီးယာဉ် ယာဉ်အမှတ် 8I/4436 ခန့်မှန်းတန်ဖိုးကျပ် (၁၂,၀၀၀,၀၀၀) ခန့်မှာ မန်ပိန်းဂိတ်တွင် ရပ်တန့်စစ်ဆေးခံခြင်းမရှိဘဲ တရုတ်နိုင်ငံကြယ်ခေါင်သို့ ဝင်ရောက်ရန်ကြိုးစားစဉ် တာဝန်ကျ အကောက်ခွန်အဖွဲ့မှ ရပ်တန့်စေ၍ စစ်ဆေးခဲ့ရာ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးတစ်တုံး (၅၀၀၀ ကီလို) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၀၀,၀၀၀,၀၀၀) ခန့်ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ပစ္စည်းတင်ဆောင်လာသော NISSAN UD (၁၂) ဘီးယာဉ် ယာဉ်အမှတ် 8I/4436 ယာဉ်သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်း ထင်ရှားသဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၈ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် မကျေနပ်သဖြင့် လျှောက်ထားသူပိန်းဆာပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ကိုယ်စား တရားလွှတ်တော်ရှေ့နေ ဒေါ်မို့မို့စိန် က အခွန်အယူခံခုံအဖွဲ့သို့ အယူခံလျှောက်ထားလာသော အမှုဖြစ်ပါသည်။

အမှုအားကြားနာခြင်းမပြုမီ ကာလစည်းကမ်းသတ် ကျော်လွန်နေခြင်းနှင့်စပ်လျဉ်း၍ နှစ်ဖက်အမှုသည်များ၏ လျှောက်လဲတင်ပြချက်များကို ရုံးတော်မှ စတင်ကြားနာသည်။

လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဒေါ်မို့မို့စိန် က ကာလစည်းကမ်းသတ်ကျော်လွန်မှု တင်သွင်းရခြင်းမှာ ယာဉ်ငှားရမ်းထားသူ ဦးအောင်နိုင်မိုးနှင့် ဦးကာလဲ့ တို့သည် ၃–၅–၂၀၂၁ ရက်နေ့တွင်မှ အဆက်အသွယ်ရရှိခဲ့ခြင်း ဦးအောင်နိုင်မိုး မှာလည်း COVID–19 ကပ်ရောဂါကြောင့် လမ်းခရီးသွားလာမှုခက်ခဲသဖြင့် ဆက်သွယ်ရန်နောက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများကူးယူရာတွင်လည်း ကြန့်ကြာခဲ့ခြင်းများဖြစ်ပေါ်ခဲ့ရခြင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်းအပေါ် အယူခံရုံးတော်မှ ကုစားပေးပါရန် အသနားခံတင်ပြထားပါသည်။

လျှောက်ထားခံရသူ အကောက်ခွန်ဦးစီးဌာနမှ ဌာနဆိုင်ရာကိုယ်စားလှယ် ဦးအောင်ကိုသန်း မှ ကာလစည်းကမ်းသတ်ကျော်လွန်နေခြင်းအတွက် တင်ပြလျှောက်လဲရာတွင် အကောက်ခွန်မှုခင်းများ၌ အယူခံလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၈ တွင် "အကောက်ခွန်အရာရှိ အမိန့်ချမှတ်သည့်နေ့မှ (၁) လအတွင်း အယူခံဝင်ရောက်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ခိုင်လုံသောအကြောင်းပြချက်တင်ပြပါက (၃)လထက် မပိုသော ကာလအထိ အယူခံရက်ကိုတိုးမြှင့်ပေးနိုင်ကြောင်း" ပြဋ္ဌာန်းထားသည်ကို ရှေးဦးစွာတင်ပြအပ်ပါကြောင်း၊ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ နည်းဥပဒေ ၆၂ တွင်လည်း "သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း ခုံအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ပြီး လုံလောက်သော အကြောင်းပြချက်တင်ပြနိုင်ပါက ခုံအဖွဲ့သည် ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက်မပိုသော ကာလအထိ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အခင်းဖြစ်ယာဉ်အား သိမ်းဆည်းမိန့် ထုတ်ပြန်ခြင်းအပေါ် အယူခံလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိမ်းဆည်းမိန့်ထုတ်ပြန်သည့်နေ့မှာ ၂၁-၂-၂၀၁၉ ရက်နေ့ဖြစ်ပြီး အမိန့်စာမိတ္တူမှန် လျှောက်ထားသည့်နေ့မှာလည်း ၂၁-၂-၂၀၁၉ ရက်နေ့ဖြစ်ပြီး ယင်းနေ့တွင်ပင် အမိန့်စာမိတ္တူမှန်ကိုထုတ်ပေးခဲ့ခြင်း၊ အယူခံလွှာတင်သွင်းသည့်နေ့မှာ ၁၄-၉-၂၀၂၁ ရက်နေ့ ဖြစ်နေခြင်းတို့သည် ဌာနဆိုင်ရာ၏ နှောင့်နှေးကြန့်ကြာမှုကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမဟုတ်ဘဲ လျှောက်ထားသူမှ မိမိအမှုကိစ္စဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လုံ့လဝီရိယ စိုက်ထုတ်ဆောင်ရွက်မှုမရှိဘဲ (၂၉) လ (၂၁) ရက် ကြာပြီးနောက်မှ အယူခံလွှာ တင်သွင်းလာခြင်းကို အောက်ပါအတိုင်း တွေ့ရှိရပါကြောင်း၊

| | | |
|---|---|---|
| - | သိမ်းဆည်းမိန့်ထုတ်ပြန်သည့်နေ့ | ၂၁-၂-၂၀၁၉ |
| - | အယူခံလွှာတင်သွင်းသည့်နေ့ | ၁၄-၉-၂၀၂၁ |
| - | အမိန့်စာမိတ္တူမှန်လျှောက်သည့်နေ့ | ၂၁-၂-၂၀၁၉ |
| - | အမိန့်စာမိတ္တူမှန်ထုတ်ပေးသည့်နေ့ | ၂၁-၂-၂၀၁၉ |
| - | သိမ်းဆည်းမိန့်ထုတ်ပေးသည့်နေ့မှ အယူခံလွှာတင်သွင်းသည့်နေ့အထိကြာသောရက် | (၃၀) လနှင့် (၂၁) ရက် |
| - | မိတ္တူကူးရန်ကြာသောရက် | (-) ရက် |
| - | မိတ္တူကူးရန်ကြာသောရက်ကိုနုတ်ပယ်ပြီးကျန်သောရက် | (၃၀) လ (၂၁) ရက် |
| - | ခွင့်ပြုကာလစည်းကမ်းသတ် | (၁) လ (-) ရက် |
| - | ကာလစည်းကမ်းသတ်ကျော်လွန်သည့်ရက်ပေါင်း | (၂၉) လ (၂၁) ရက် |

အယူခံလွှာအား ကာလစည်းကမ်းသတ်ရက် (၂၉) လ (၂၁) ရက် ကျော်လွန်ပြီးမှ တင်သွင်းလာခြင်း၊ အကောက်ခွန်အရာရှိရှေ့မှောက်တွင် ထွက်ဆိုသော မှုခင်းဆိုင်ရာထွက်ဆိုချက်တွင် ယာဉ်မောင်းဖြစ်သူမှ ပိန်းဆာပြည်သူ့စစ် (ဌာနေ) ပိုင်ယာဉ် ဟု ထွက်ဆိုမှုမပြုဘဲ ဦးကျော်မင်းခိုင် ၏ ယာဉ်ဟု ထွက်ဆိုဖြေကြားခြင်း၊ လျှောက်ထားသူ၏ အဆိုလွှာ၌ ဖြစ်စဉ်များကို အချိန်ကာလကြာမြင့်မှ သိရှိခဲ့ရပါသည်ဟု တိကျသောကာလတစ်ခုအား မဖော်ပြခြင်း၊ ယာဉ်ပိုင်ရှင်မှ မိမိပိုင်ဆိုင်သောယာဉ် ကာလကြာမြင့်စွာ ပျောက်ဆုံးနေခြင်းအား ဝီရိယစိုက်ထုတ်၍ ရှာဖွေစုံစမ်းမှုမပြုခြင်း၊ မူဆယ်မြို့နယ်တရားရုံး ၂၀၁၉ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၂၆၇ သက်သေထွက်ချက်တွင် ယာဉ်ပိုင်ရှင်၏အမည်မှာ ဦးထွန်းထွန်းဦး ဖြစ်နေခြင်း၊ သိမ်းဆည်းမိန့် မိတ္တူမှန် ကူးယူခွင့်လျှောက်ထားရာတွင်လည်း လျှောက်ထားသူမှာ ဦးထွန်းထွန်းဦး ပင်ဖြစ်နေခြင်းတို့ကို စိစစ်တွေ့ရှိရပါကြောင်း၊ ရုံးတော်သို့တင်ပြအပ်ပါကြောင်း၊ ခိုင်လုံသောအကြောင်းပြချက်တင်ပြနိုင်ပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများနှင့်အညီ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်မှာ မှန်ကန်သော်လည်း "လုံလောက်သော အကြောင်းပြချက်ဟူသည်မှာ မှန်ကန်သော အကြောင်းပြခြင်း လုံ့လဝီရိယရှိခြင်းတို့အပေါ် အခြေခံရမည်" ဟု ဦးချစ်မောင်နှင့် (၁) မောင်တင်မြင့်၊ (၂) မဖြူ၊ (၃) ဦးချစ်၊ ၁၉၇၇ (မတစ) စာ-၂၀ တွင် စီရင်ထုံးဖွဲ့ လမ်းညွှန်ထားပါကြောင်း တင်ပြလျှောက်ထားအပ်ပါကြောင်း၊

မည်သို့ပင်ဆိုစေကာမူ အခင်းဖြစ်ယာဉ်နှင့်ပတ်သက်၍ ဤကဲ့သို့ (၂၉) လ (၂၁) ရက် ကြာပြီးမှ အယူခံလွှာ တင်သွင်းလာခြင်းသည် တည်ဆဲဥပဒေများအရ ပေးအပ်ထားသည့် အယူခံကာလကို ကျော်လွန်နေပြီဖြစ်ပါကြောင်း ကာလစည်းကမ်းသတ်ကျော်လွန်သည့် ကိစ္စရပ်အပေါ် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ တွင် “ကာလစည်းကမ်းသတ် ကုန်ဆုံးပြီးမှ တင်သွင်းလာသည့် အယူခံမှုနှင့် လျှောက်ထားမှုတို့ကို ကာလစည်းကမ်းသတ်မှတ်ချက်ကို အကြောင်းပြု၍ ချေပခြင်း မပြုသော်လည်း “ပလပ်ရမည်” ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၈၈ နှင့် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၆၂ တို့အရ အယူခံဝင်ရောက်နိုင်သည့် ကာလသတ်မှတ်ချက်ထက် ကျော်လွန်နေသည့်အပြင် ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၃ တွင်လည်း ကာလစည်းကမ်းသတ်မှတ်ချက်ကို အကြောင်းပြု၍ ချေပခြင်းပင်မပြုသော်လည်း “ပလပ်” ရမည်ဟု ပြဋ္ဌာန်းထားခြင်းတို့ကြောင့် ဤကဲ့သို့ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းလာသော အယူခံလွှာကို ရုံးတော်မှ လက်ခံကြားနာခြင်းပြုရန် သင့် မသင့် သုံးသပ်သင့်ပါကြောင်း လျှောက်ထားတင်ပြခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့အနေဖြင့် အယူခံမှုကို ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ နှစ်ဖက်လျှောက်လဲတင်ပြချက်များအပေါ် အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးရာ နည်းဥပဒေ ၆၂ အရ “အယူခံမှုလျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည်၊ လျှောက်ထားသူက လုံလောက်သောအကြောင်းပြချက်များ တင်ပြနိုင်ပါက ခုံအဖွဲ့သည် ရက်ပေါင်းတစ်ရာ့နှစ်ဆယ်ထက်မပိုသော ကာလအထိ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်” ဟု ပြဋ္ဌာန်းထားချက်ထက် ရက်ပေါင်း ၇၈၅ ရက်ကျော်လွန်ပြီးမှ တင်သွင်းလာကြောင်း တွေ့ရှိရပါသည်။ လျှောက်ထားသူက COVID-19 ကပ်ရောဂါကြောင့် လမ်းခရီးသွားလာမှုခက်ခဲသဖြင့် ဆက်သွယ်ရန်နောက်ကျခဲ့ခြင်းဖြစ်ကြောင်း တင်ပြထားသော်လည်း ယင်းကာလအတွင်း ရုံးလုပ်ငန်းများမှာမူ လက်ရှိဝန်ထမ်းအင်အား၏ (၅၀) ရာခိုင်နှုန်းဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ အခွန်အယူခံခုံအဖွဲ့ရုံးသို့ အယူခံတင်သွင်းရန် လုံလောက်သောအချိန်ရှိပါလျက် အချိန်မီ လျှောက်ထားခဲ့ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ လျှောက်ထားသူအနေဖြင့် အယူခံတင်သွင်းရန် မိတ္တူကူးယူမှု ကြန့်ကြာခဲ့ခြင်းရှိသည်ဆိုသော်လည်း အကောက်ခွန်ဦးစီးဌာန၏ မှတ်တမ်းအရ မိတ္တူမှုန်လျှောက်ထားသည့်နေ့မှာ ၂၁-၂-၂၀၁၉ ဖြစ်ပြီး မိတ္တူမှုန်ထုတ်ပေးသည့်နေ့မှာ ၂၁-၂-၂၀၁၉ ဖြစ်ကြောင်းတွေ့ရှိရသဖြင့် မိတ္တူကူးယူမှု ကြန့်ကြာမှုမရှိကြောင်း တွေ့ရှိရသဖြင့် အကြောင်းပြချက်ခိုင်လုံမှုမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအတွက် လုံလောက်သော အကြောင်းပြချက်ဟူသည်မှာ မုန်ကန်သောအကြောင်းပြခြင်း ထိုက်သင့်သော လုံ့လဝီရိယရှိခြင်းတို့အပေါ် အခြေခံရမည်ဖြစ်သည့်အလျောက် ယခုလျှောက်ထားမှုတွင် လျှောက်ထားသူဘက်မှ ဝီရိယ စိုက်ထုတ်၍ လျှောက်ထားခြင်း မပြုခဲ့ကြောင်း တွေ့ရှိရသဖြင့် လျှောက်ထားသူတင်ပြလာသော ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်း၏ အကြောင်းပြချက်များမှာ လုံလောက်သော အကြောင်းပြချက်များမဟုတ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အကယ်၍လျှောက်ထားသူတင်ပြလာသော ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်း၏အကြောင်းပြချက်များကို ခိုင်လုံသောအကြောင်းပြချက်များဖြစ်သည်ဟု လက်ခံစဉ်းစားပေးမည်ဆိုလျှင်ပင် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၆၂ ၌ ခွင့်ပြုပေးထားသော ကာလစည်းကမ်းသတ်ရက်ပေါင်း ၁၂၀ ထက် ၇၈၅ ရက် ကျော်လွန်နေပြီဖြစ်သည့် အတွက် အယူခံလွှာကို လက်ခံရန်မသင့်တော့ဟု သုံးသပ်ရရှိပါ၍ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ နှင့်အညီသာ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။

သို့ပါ၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

သတ်မှတ်ထားသော ကာလစည်းကမ်းသတ်အပိုင်းအခြား ကုန်ဆုံးပြီးနောက်မှ အယူခံမှုတင်ပြ လျှောက်ထား လာခြင်းဖြစ်၍ လျှောက်ထားချက်ကို ပလပ်လိုက်သည်။

| ဖေယျကြည်ညွန့် | ဦးကြည် | ဝင်းနိုင် |
|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **သတင်းမီဒီယာနည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဂ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅။ (ဂ) အဖွဲ့ ဖွဲ့စည်းရာတွင် နည်းဥပဒေခွဲ (ခ)ပါ အရေအတွက် ရရှိခြင်းမရှိပါက ဝန်ကြီးဌာနသည် သတင်းမီဒီယာကောင်စီနှင့်ညှိနှိုင်းပြီး အဖွဲ့တွင်ပါဝင်ရမည့်အလွှာနှင့် အရေအတွက်တို့ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။"

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဃ) ၏ နောက်တွင် နည်းဥပဒေခွဲ (င) နှင့် (စ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၇။ (င) ရွေးချယ်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းလွှာ တင်သွင်းချိန်တွင် အသက် ၂၅ နှစ် ပြည့်ပြီးသူမဟုတ်ခြင်း၊

(စ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားမဟုတ်သူဖြစ်ခြင်း။"

၄။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဂ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၉။ (ဂ) အချိန်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက သတင်းမီဒီယာကောင်စီနှင့်ညှိနှိုင်း၍ ပြင်ဆင် သတ်မှတ်နိုင်သည်။"

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ စီမံရေးရာဌာနခွဲမှ ငွေကိုင်-၁၊ ဒေါ်ချိုမွေး အား အဆိုပါဌာနခွဲတွင် လစ်လပ်လျက် ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)**

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (သောကြာနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ မူလဖွဲ့စည်းပုံဝန်ထမ်းအင်အားကို အောက်ဖော်ပြပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | အကြောင်းအရာ | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) | | | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) | | |
|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | စုစုပေါင်း | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
| ၁ | မူလအင်အား | ၉၄ | ၂၁၉ | ၃၁၃ | ၉၄ | ၂၁၉ | ၃၁၃ |
| ၂ | တိုးချဲ့ပြင်ဆင်သည့်အင်အား | ၁၀၆ | ၂၃၁ | ၃၃၇ | ၁၁၀ | ၂၃၅ | ၃၄၅ |
| ၃ | **တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့်ဌာနခွဲ** | | | | | | |
| | - အနုပညာဌာနခွဲ၊ ဂီတပညာဌာန | ၆ | ၆ | ၁၂ | ၈ | ၈ | ၁၆ |
| | - အနုပညာဌာနခွဲ၊ သဘင်ပညာဌာန | ၆ | ၆ | ၁၂ | ၈ | ၈ | ၁၆ |

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂)**
၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၂၊ ၁၀/၂၀၂၂ နှင့် ၁၁/၂၀၂၂ တို့အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များက အောက်ဖော်ပြပါ ဝန်ထမ်း (၁၁၅) ဦးတို့အား ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

| စဉ် | ဦးစီးဌာန | ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် | ပြည်သူ့ဝန်ထမ်းတံဆိပ် | ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် |
|---|---|---|---|---|
| (က) | ဝန်ကြီးရုံး | (၂) ဦး | (၁) ဦး | (၁) ဦး |
| (ခ) | အနုပညာဦးစီးဌာန | (၁၇) ဦး | (၁၁) ဦး | (၇) ဦး |
| (ဂ) | ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | (၁၁) ဦး | (၄၀) ဦး | (၁၅) ဦး |
| (ဃ) | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | (၅) ဦး | (၄) ဦး | (၁) ဦး |
| | **စုစုပေါင်း** | **(၃၅) ဦး** | **(၅၆) ဦး** | **(၂၄) ဦး** |

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း (၄၃၆) ဦးတို့အား **ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်**ကို ချီးမြှင့်အပ်နှင်းထားပါသည်–

| | | |
|---|---|---|
| (က) | စိုက်ပျိုးရေးဦးစီးဌာန | (၃၃) ဦး |
| (ခ) | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | (၃၃) ဦး |
| (ဂ) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | (၁၉၂) ဦး |
| (ဃ) | စက်မှုလယ်ယာဦးစီးဌာန | (၁၃၁) ဦး |
| (င) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | (၂၆) ဦး |
| (စ) | ငါးလုပ်ငန်းဦးစီးဌာန | (၂၁) ဦး |
| | **စုစုပေါင်း** | **(၄၃၆) ဦး** |

၂။ ဤအမိန့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၂)/၈/ကောင်စီရုံးအရ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၀၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်း

ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/စာရင်းကိုင် - ၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၇) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ် အမည်

(က) ဒေါ်မိုးမိုးထွန်း
( ခ ) ဒေါ်ဇာဇာဝင်း
( ဂ ) ဦးဇော်ငြိမ်း
(ဃ) ဦးအောင်ကျော်လှိုင်
( င ) ဒေါ်ခင်အေးစံ
( စ ) ဒေါ်လတ်လတ်စိုး
(ဆ) ဒေါ်သူဇာမျိုးကျော်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၀၂/၂၀၂၂)**

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/စစ်ဆေးရေးမှူး - ၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၉) ဦးတို့အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ် အမည်

(က) ဒေါ်နွဲ့နွဲ့ချို
( ခ ) ဦးမျိုးဆွေ
( ဂ ) ဒေါ်မြင့်မြင့်ဝင်း-၂
(ဃ) ဒေါ်တင်တင်အေး
( င ) ဒေါ်သီသီနွယ်
( စ ) ဦးလှဌေး
(ဆ) ဒေါ်လှမြတ်ဝင်း
( ဇ ) ဦးကျော်လွင်ဦး
(ဈ) ဒေါ်ချောအိအိမောင်
(ည) ဒေါ်ခိုင်ဇာအိ
( ဋ ) ဒေါ်သင်းသင်းဌေး
( ဌ ) ဒေါ်နှင်းမာလာမိုး
( ဍ ) ဒေါ်ဥမ္မာဇင်
( ဎ ) ဦးဗညားအောင်
(ဏ) ဦးနွေမိုးငြိမ်း
(တ) ဦးကျော်သီဟ
(ထ) ဒေါ်ခင်မာကြည်
( ဒ ) ဦးကျော်စွာဝင်း
( ဓ ) ဒေါ်သူသူထွန်း

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၀၃/၂၀၂၂)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကွန်ပျူတာစီစဉ်ရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်မိုးသီတာမြင့်အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ကွန်ပျူတာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၀၄/၂၀၂၂)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ စက်မှုကျွမ်းကျင်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၅) ဦးတို့အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဦးအောင်မျိုးထွန်း |
| (ခ) | ဦးကုဋေတိုး |
| (ဂ) | ဦးဝေယံထက် |
| (ဃ) | ဦးကျော်စိုးလှိုင် |
| (င) | ဦးကျော်သူစိုး |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၀၅/၂၀၂၂)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ စာရင်းကိုင်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်သူဇာဝင်း |
| (ခ) | ဒေါ်နီနီအောင် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ပို့ဆောင်ရေး) မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၄) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာနခွဲ |
|---|---|---|---|
| (က) | ဦးထိုက်ထိုက် | ဒုတိယညွှန်ကြားရေးမှူး ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | လက်ထောက်အတွင်းဝန် ကုန်းလမ်းဌာနခွဲ |
| (ခ) | ဦးအောင်မော် | ဒုတိယညွှန်ကြားရေးမှူး မတော်တဆမှုများ ကာကွယ်ရေးဌာနခွဲ | လက်ထောက်အတွင်းဝန် မတော်တဆမှုများ ကာကွယ်ရေးဌာနခွဲ |
| (ဂ) | ဦးအောင်နိုင်လင်း | ဒုတိယညွှန်ကြားရေးမှူး e-Government ဌာနခွဲ | လက်ထောက်အတွင်းဝန် e-Government ဌာနခွဲ |
| (ဃ) | ဦးအောင်ဝင်း | ဒုတိယညွှန်ကြားရေးမှူး အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | လက်ထောက်အတွင်းဝန် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၇/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးစိန်ဝင်းလှိုင် အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး နေရာသို့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၈/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်စက်မှုစစ်ဆေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (လေယာဉ်

စက်မှုစစ်ဆေးရေး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးလှသာလင်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (လေယာဉ်စက်မှုစစ်ဆေးရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၁၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၅၅၀,၀၀၀/-) ဦးငွေအောင် အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ၎င်းအား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်နေ့ဖြစ်သော ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၁၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဆွေရင် အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၁၅/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးသောင်းထိုက်ဝင်း အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၆/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ရေကြောင်းပညာဌာနမှ ကထိက၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဦးကျော်ကျော်ဝင်း အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၁။　၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးတင်မြင့် အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။　၎င်းအား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်နေ့ဖြစ်သော ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး (ဥပဒေ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်နေဝါပွင့်အောင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဥပဒေကြီးကြပ်ရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ ရုံးအုပ် (၃) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာများသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| (က) | ဒေါ်ဖြူပြာနှင်း | ရုံးအုပ်<br>(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန | ဦးစီးအရာရှိ (စီမံ)<br>ရဲရွာစက်ရုံ |
| (ခ) | ဒေါ်အေးအေးနွယ် | ရုံးအုပ်<br>ကြီးအုံကြီးဝစက်ရုံ | ဦးစီးအရာရှိ (စီမံ)<br>ကြီးအုံကြီးဝစက်ရုံ |
| (ဂ) | ဦးနေလင်းထွန်း | ရုံးအုပ်<br>ကျွန်းချောင်းစက်ရုံ | ဦးစီးအရာရှိ (စီမံ)<br>တာပိန် (၁) စက်ရုံအင်အားဖြင့်<br>(ရုံးချုပ်) စီမံခန့်ခွဲရေးဌာနတွဲဖက် |

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်၊ ပစ္စည်းဖြည့်တင်းရေးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ ဦးစီးမှူး (ကွန်ပျူတာ)၊ ဒေါ်အိဖြူသိန်း အား ယင်းလုပ်ငန်းရှိ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ကွန်ပျူတာ) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၈) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ဘဏ္ဍာ) ရာထူးနေရာများသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများကို

စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| (က) | ဒေါ်ခင်မျိုးလင်း | စာရင်းကိုင် (၁)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန |
| (ခ) | ဒေါ်အေးအေးမွန် | စာရင်းကိုင် (၁)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန |
| (ဂ) | ဒေါ်ဥမ္မာအောင် | စာရင်းကိုင် (၁)<br>ကြီးအုံကြီးဝစက်ရုံ | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>ရဲရွာစက်ရုံ |
| (ဃ) | ဒေါ်ချိုချိုဝင်း | စာရင်းကိုင် (၁)<br>သာကေတစက်ရုံ | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>သာကေတစက်ရုံ |
| (င) | ဦးခွန်ဇော်ငွေး | စာရင်းကိုင် (၁)<br>အထက်ပေါင်းလောင်းစက်ရုံ | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>အထက်ပေါင်းလောင်းစက်ရုံ |
| (စ) | ဒေါ်ငြိမ်းငြိမ်းခိုင် | စာရင်းကိုင် (၁)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန |
| (ဆ) | ဒေါ်ခင်လှပြည့်ဝမ်း | စာရင်းကိုင် (၁)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန |
| (ဇ) | ဒေါ်ခင်ရည်ဝင်း | စာရင်းကိုင် (၁)<br>မြစ်သာစက်ရုံ | ဦးစီးအရာရှိ (ဘဏ္ဍာ)<br>သထုံစက်ရုံ |

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ ပစ္စည်းထိန်း-၁ (၂) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ပစ္စည်း) ရာထူးနေရာများသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| (က) | ဦးတင်ဝင်းဦး | ပစ္စည်းထိန်း (၁)<br>ရုံးချုပ်၊ ပစ္စည်းဖြည့်တင်းရေးဌာန | ဦးစီးအရာရှိ (ပစ္စည်း)<br>ရုံးချုပ်၊ ပစ္စည်းဖြည့်တင်းရေး |
| (ခ) | ဦးသိန်းနိုင် | ပစ္စည်းထိန်း (၁)<br>ရုံးချုပ်၊ ပစ္စည်းဖြည့်တင်းရေးဌာန | ဦးစီးအရာရှိ (ပစ္စည်း)<br>ရွှေလီ (၁) စက်ရုံအင်အားဖြင့်<br>ရုံးချုပ်၊ ပစ္စည်းဖြည့်တင်းရေးဌာန<br>တွဲဖက် |

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ လျှပ်စစ် ကျွမ်းကျင်-၁ (၇) ဦးနှင့် လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (၆) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ရာထူးနေရာများသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်ပြီး ကနဦး လစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| (က) | ဒေါ်နှင်းနှင်းဝေ | လျှပ်စစ်ကျွမ်းကျင် (၁) ပေါင်းလောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ပေါင်းလောင်းစက်ရုံ |
| (ခ) | ဒေါ်ရင်ရင်နု | လျှပ်စစ်ကျွမ်းကျင် (၁) ရုံးချုပ်၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် စက်ရုံများဌာန | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဘီလူးချောင်းအမှတ် (၂) စက်ရုံ |
| (ဂ) | ဦးကျော်မင်းနိုင် | လျှပ်စစ်ကျွမ်းကျင် (၁) တီကျစ်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ရာဇဂြိုဟ်စက်ရုံ |
| (ဃ) | ဦးကျော်သူရအောင် | လျှပ်စစ်ကျွမ်းကျင် (၁) ရဲရွာစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ကျိုင်းတောင်းစက်ရုံ |
| (င) | ဒေါ်ချောချောလင်းနိုင် | လျှပ်စစ်ကျွမ်းကျင် (၁) ဖြူးချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ကွန်းချောင်းစက်ရုံ |
| (စ) | ဒေါ်သူဇာမြင့် | လျှပ်စစ်ကျွမ်းကျင် (၁) နန်ချိုစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) နန်ချိုစက်ရုံ |
| (ဆ) | ဦးအောင်သူရိန်စိုး | လျှပ်စစ်ကျွမ်းကျင် (၁) ဖြူးချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) အထက်ပေါင်းလောင်းစက်ရုံ |
| (ဇ) | ဦးဇေယျာဖြိုး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) ပေါင်းလောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) အထက်ပေါင်းလောင်းစက်ရုံ |
| (ဈ) | ဒေါ်ခင်ချိုလတ် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) ပေါင်းလောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) နန်ချိုစက်ရုံ |
| (ည) | ဦးစပ်ဘူးရယ် | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဘီလူးချောင်းအမှတ် (၂)စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဘီလူးချောင်းအမှတ် (၂)စက်ရုံ |

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| ( ၄ ) | ဒေါ်စုစုလှိုင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) ရဲရွာစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဖော်ဂျီအမှတ် (၂) စက်ရုံ |
| ( ၅ ) | ဒေါ်ဂျူးသက်ချယ် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) မြို့ကြီးစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ကင်းတားစက်ရုံ |
| ( ၃ ) | ဦးသန်းထွန်းအောင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) အထက်ပေါင်းလောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) မြို့ကြီးစက်ရုံ |

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း၊ အောက်ဖော်ပြပါ အငယ်တန်း အင်ဂျင်နီယာ-၂ (စက်မှု) (၅) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးနေရာများသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့တာဝန် ချထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| (က) | ဒေါ်နီနီအောင် | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ပေါင်းလောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်မှု) ကွန်းချောင်းစက်ရုံ |
| ( ခ ) | ဦးစိုးမိုးထွေး | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) နန်ချိုစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်မှု) အထက်ပေါင်းလောင်းစက်ရုံ |
| ( ဂ ) | ဒေါ်မြတ်သန္တာ | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) မြစ်သာစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်မှု) မြစ်သာစက်ရုံ |
| (ဃ) | ဦးဖွဲ့မာန် | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ရဲနွယ်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်မှု) ခပေါင်းစက်ရုံ |
| ( င ) | ဦးထွန်းထွန်းအောင် | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) တီကျစ်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဖောင်းတူစက်ရုံ |

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း၊ အောက်ဖော်ပြပါ အငယ်တန်း အင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) (၂၂) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်/စက်မှု) ရာထူးနေရာများသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-)ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| (က) | ဦးချစ်မင်းသူ | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရုံးချုပ်၊ အပူစွမ်းအင်သုံး စက်ရုံများဌာန | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) မန်းစက်ရုံ |
| (ခ) | ဒေါ်သူဇာခိုင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရုံးချုပ်၊ အပူစွမ်းအင်သုံး စက်ရုံများဌာန | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သီလဝါစက်ရုံ |
| (ဂ) | ဦးကျော်မင်းထွန်း | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ကျွန်းချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) အလုံစက်ရုံ |
| (ဃ) | ဒေါ်သင်းသင်းအိ | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရွာမစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ရွာမစက်ရုံ |
| (င) | ဒေါ်အိသူမြင့် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) တီကျစ်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) တီကျစ်စက်ရုံ |
| (စ) | ဒေါ်မေပိုင်စိုး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) သာကေတစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သာကေတစက်ရုံ |
| (ဆ) | ဒေါ်အိသဉ္ဇာသက် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရွာမစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) ရွာမစက်ရုံ |
| (ဇ) | ဦးစည်းစိမ်ဖြိုး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) သာကေတစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သာကေတစက်ရုံ |

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| ( ဈ ) | Dr.စမ်းသီရိအောင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) လှော်ကားစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) အလုံစက်ရုံ |
| (ည) | ဒေါ်စုမွန်ခိုင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရွှေတောင်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) ရွှေတောင်စက်ရုံ |
| ( ဋ ) | ဒေါ်ခင်မီမီအုန်း | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) သီလဝါစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သီလဝါစက်ရုံ |
| ( ဌ ) | ဒေါ်ဟေမာန်စိုး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) မြန်အောင်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) မြန်အောင်စက်ရုံ |
| ( ဍ ) | ဦးကျော်မင်းမြတ် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရွာမစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) ရွာမစက်ရုံ |
| ( ဎ ) | ဒေါ်ခင်ချိုဝင်း | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) အလုံစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) အလုံစက်ရုံ |
| (ဏ) | ဦးမိုးဇော်ဝင်း | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ရွှေတောင်စက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) မြန်အောင်စက်ရုံ |
| (တ) | ဦးတေဇာမောင်မောင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) သထုံစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သထုံစက်ရုံ |
| (ထ) | ဦးရန်လင်းအောင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) သာကေတစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သာကေတစက်ရုံ |
| ( ဒ ) | ဒေါ်ဖြိုးဝေစိုး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) မန်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) မန်းစက်ရုံ |
| ( ဓ ) | ဒေါ်ဆုမွန်လှိုင် | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ကျွန်းချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) ကျွန်းချောင်းစက်ရုံ |

| စဉ် | အမည် | လက်ရှိရာထူးနှင့် ဌာန၊ စက်ရုံ | တိုးမြှင့်ခန့်ထားမည့်ရာထူးနှင့် ဌာန၊ စက်ရုံ |
|---|---|---|---|
| ( န ) | ဦးသန်းမင်းစိုး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ကျွန်းချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သထုံစက်ရုံ |
| ( ပ ) | ဦးနိုင်ကျော်ဦး | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ကျွန်းချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) ကျွန်းချောင်းစက်ရုံ |
| ( ဖ ) | ဒေါ်သူဇာဝင်း | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု) ကျွန်းချောင်းစက်ရုံ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) သီလဝါစက်ရုံ |

အောင်သန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ ၁၁၈/ (၁)/၈/ ကောင်စီရုံးအရ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇာနည်ဝင်း အား လက်ရှိတာဝန်ဝတ္တရားများအပြင် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများ ကိုပါ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ ယာယီပူးတွဲတာဝန်ပေးအပ်လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၂၂ အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**ညွှန်ကြားချက်အမှတ် (၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်ကို ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ရန်ပုံငွေစီမံခန့်ခွဲခြင်းဆိုင်ရာ ဘဏ္ဍာရေးညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ရငွေများသည် ပြည်ပရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားထုတ်ပေးသည့် လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် အလုပ်သမားများကျခံရမည့် ကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်စေရေး ခန့်မှန်းတွက်ချက်၍ ကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ချက်အရ သတ်မှတ်ကောက်ခံရငွေများ ဖြစ်စေရမည်။

၃။ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပေးချေရမည့်စရိတ်များကို အမှန်ကုန်ကျစရိတ်ဖြင့် ပေးချေပြီးနောက် ပိုငွေများကို အလုပ်သမားကာကွယ်စောင့်ရှောက်ရေး၊ ၎င်းတို့၏သားသမီးများ ပညာသင်ကြားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေးနှင့် မိမိနိုင်ငံနှင့် အလုပ်သမားလက်ခံနိုင်ငံတို့ ညှိနှိုင်းဆွေးနွေးချက်များအရ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ငွေစာရင်းအဖြစ် ဖွင့်လှစ်ထိန်းသိမ်းစေရမည်။

၄။ ဤညွှန်ကြားချက်တွင်ပါရှိသော စကားရပ်များသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ရန်ပုံငွေ** ဆိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ရန်ပုံငွေကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် အလုပ်သမားဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ** ဆိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၉၂/၂၀၂၁ ဖြင့် ဖွဲ့စည်းသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ကြီးကြပ်သူအရာရှိ** ဆိုသည်မှာ ဤညွှန်ကြားချက်အရ ကော်မတီ၏ ရန်ပုံငွေစာရင်းအတွက် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက ယင်းကိုယ်စား ဆောင်ရွက်ရန် ကြီးကြပ်သူအရာရှိအဖြစ်တာဝန်ပေးအပ်သည့် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

၅။ ကြီးကြပ်သူအရာရှိသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှု လုပ်ဆောင်ပိုင်ခွင့်များကို ညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သော ဝန်ထမ်းအား ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်နိုင်သည်။ ထိုသို့ တစ်ဆင့်လွှဲအပ်ဆောင်ရွက်စေခြင်းဖြင့် ကြီးကြပ်သူအရာရှိ၏ အနည်းငယ်မျှ တာဝန်ပေါ့လျော့သွားခြင်းမရှိကြောင်း သတိချပ်ရမည်။

၆။ ကော်မတီသည် ရန်ပုံငွေစာရင်းများထိန်းသိမ်းရန်အတွက် ဘဏ်စာရင်းဖွင့်လှစ်ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေစာရင်းအား နိုင်ငံပိုင်ဘဏ်များတွင်လည်းကောင်း၊ မြန်မာကျပ်ငွေစာရင်းအား မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းရှင် Union Fund Account–Other Account (UFA–OA) ဖြင့်လည်းကောင်း ဖွင့်လှစ်ရမည်။ ပြည်ပနိုင်ငံများတွင် နိုင်ငံခြားသုံးငွေစာရင်းများ ဖွင့်လှစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြအတည်ပြုချက်ရယူပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့၏ ခွင့်ပြုချက်ရယူပြီး ဖွင့်လှစ်ရမည်။ ယင်းဖွင့်လှစ်သည့် ငွေစာရင်းများအတွက် ကြီးကြပ်သူအရာရှိနှင့် ငွေထုတ်သူအရာရှိတို့ကို တာဝန်ပေးအပ်ရမည်။

၇။ ကော်မတီသည် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရငွေ/သုံးငွေများကို ကောက်ခံသုံးစွဲရာတွင် လိုအပ်ပါက ကော်မတီဝင်များနှင့် ဝန်ကြီးဌာန သတင်းအချက်အလက်နှင့် နည်းပညာ (ICT) ပစ္စည်းများ အသေးစိတ်စိစစ်ဝယ်ယူဖြည့်တင်းရေးကော်မတီ၏ သဘောထားမှတ်ချက်များ တောင်းခံ၍ ဆောင်ရွက်ရမည်။

၈။ ကော်မတီသည် ရငွေများအတွက် ကောက်ခံမည့် နှုန်းထားများကို လိုအပ်သလို သတ်မှတ်ရမည်။ ကော်မတီ၏ ရငွေများတွင် အောက်ပါတို့ပါဝင်သည်–

(က) ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများထံမှ ကောက်ခံရရှိသည့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြားဖိုးနှင့် စာရွက်စာတမ်းကြေး ကောက်ခံရငွေများ၊

(ခ) ပြည်ပရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထား ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အလုပ်သမားများထံမှ ကောက်ခံရငွေများ၊

(ဂ) သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်အတွက် ကောက်ခံရငွေများ၊

(ဃ) ဒဏ်ကြေးငွေများ၊

(င) အခြားရငွေများ (ပိုပေးမိငွေများ၊ ဘဏ်တိုးရငွေများ..........စသည်များ)။

၉။ ကြီးကြပ်သူအရာရှိသည် ရငွေများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) အကြောင်းအရာတစ်ခုချင်းအလိုက် ငွေရပြေစာဖြင့်လက်ခံပြီး ရငွေမှတ်ပုံတင်စာအုပ် ထားရှိရမည်၊

(ခ) ရငွေများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။ ဘဏ်ပိတ်ချိန်ကျော်လွန်မှရရှိသောငွေများကို သော့နှစ်ချက်ခတ် ငွေသေတ္တာတွင် သိမ်းဆည်းထားရမည်၊

(ဂ) ဘဏ်သို့ပေးသွင်းရန် အချိန်မမီခြင်း၊ ရုံးပိတ်ရက်နှင့်ဆက်စပ်နေခြင်းတို့ရှိပါက ပိတ်ရက်နှင့် ဆက်စပ်လျက်ရှိသော အနီးစပ်ဆုံးဘဏ်ဖွင့်ရက်တွင် ပေးသွင်းရမည်၊

(ဃ) ငွေသွင်း/ငွေထုတ်ပြုလုပ်တိုင်း ငွေစာရင်းစာအုပ်တွင် ချက်ချင်းရေးမှတ်ရမည်။ ငွေစာရင်းစာအုပ်ကို နေ့စဉ်စာရင်းပိတ်၍ လက်ကျန်မှန်ကန်ကြောင်း တာဝန်ခံအရာရှိမှ အတည်ပြုလက်မှတ် ရေးထိုးထားရမည်။

၁၀။　ကော်မတီသည် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၃၁ (ခ) အရ အလုပ်သမားဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့မှ ထုတ်ပြန်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်အညီ အသုံးစရိတ်များကို စိစစ်ခွင့်ပြုရမည်။ ကော်မတီ၏ သုံးငွေများတွင် အောက်ပါတို့ပါဝင်သည်-

(က)　ပြည်ပရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန် နေရာငှားရမ်းခနှင့် ဆက်စပ်ကုန်ကျစရိတ်များ၊

(ခ)　အပိုဒ်ခွဲ (က) ပါ လုပ်ငန်းစဉ်များအတွက် ဖွင့်လှစ်ထားသော စခန်းများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၏ နေထိုင်စားသောက်စရိတ်များ၊

(ဂ)　မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Identity)၊ ပြည်ပ အလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (Overseas Workers Identification Card) လုပ်ငန်းစဉ်များ၊ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စခန်းများတွင် အသုံးပြုသည့် စက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်း (Consumable) များ၊ နည်းပညာဆိုင်ရာ ဝန်ဆောင်စရိတ် စသည့် ကုန်ကျစရိတ်များ၊

(ဃ)　အင်တာနက်တပ်ဆင်ခြင်း ကုန်ကျစရိတ်များ၊

(င)　နိုင်ငံတော် ရငွေစာရင်းသို့ စာရွက်စာတမ်းကြေး ကောက်ခံငွေများ လွှဲပြောင်းပေးသွင်းခြင်း၊

(စ)　သာမန်မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်ဖိုး ပေးချေခြင်း၊

(ဆ)　မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ်အတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity) စာအုပ်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား (Overseas Workers Identification Card) ဖိုး ပေးချေခြင်း၊

(ဇ)　ဝန်ဆောင်စရိတ်များ၊

(ဈ)　ရွှေ့ပြောင်းအလုပ်သမားရုံးများတွင် တာဝန်ကျဝန်ထမ်းများ၏ စားစရိတ်များ၊

(ည)　ရေခွန်နှင့် လျှပ်စစ်ဓာတ်အားခများ၊

(ဋ)　ခရီးစရိတ်များ၊

(ဌ)　အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ကုန်ကျစရိတ်များ၊

(ဍ)　ထောက်ပံ့ကြေးပေးငွေများ၊

(ဎ)　အလုပ်သမားကာကွယ်စောင့်ရှောက်မှု ကုန်ကျစရိတ်များ၊

(ဏ)　သင်တန်းပေးခြင်းနှင့်ဆက်စပ်သည့် ကုန်ကျစရိတ်များ၊

(တ)　အခြားအထွေထွေကုန်ကျစရိတ်များ။

၁၁။　ကြီးကြပ်သူအရာရှိသည် အသုံးစရိတ်များသုံးစွဲရာတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း ၃၅/၂၀၁၇ နှင့်အညီ သုံးစွဲရမည်။

၁၂။　ကော်မတီသည် ရငွေ၊ သုံးငွေများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်ထက်ပိုသော ဝင်ငွေကို နိုင်ငံတော်၏ရငွေအဖြစ် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ဌာနဆိုင်ရာငွေစာရင်းသို့ ပေးသွင်းရမည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါဌာနများမှ ပူးတွဲပါတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း (၄၁) ဦးတို့အား ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းလိုက်သည်-

| စဉ် | ဌာနများ | တာဝန်ထမ်းဆောင်ဆဲ |
|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၁ ဦး |
| ၂။ | ကုန်သွယ်ရေးဦးစီးဌာန | ၉ ဦး |
| ၃။ | စားသုံးသူရေးရာဦးစီးဌာန | ၂၉ ဦး |
| ၄။ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ၂ ဦး |
| | စုစုပေါင်း | ၄၁ ဦး |

ဤအမိန့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၂)/၈/ကောင်စီရုံးအရ ထုတ်ပြန်ခြင်းဖြစ်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါဌာနများမှ ပူးတွဲပါတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း (၄၆) ဦးတို့အား ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းလိုက်သည်-

| စဉ် | ဌာနများ | တာဝန်ထမ်းဆောင်ဆဲ |
|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၃ ဦး |
| ၂။ | ကုန်သွယ်ရေးဦးစီးဌာန | ၁၅ ဦး |
| ၃။ | စားသုံးသူရေးရာဦးစီးဌာန | ၁၈ ဦး |
| ၄။ | မူပိုင်ခွင့်ဦးစီးဌာန | ၂ ဦး |
| ၅။ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ၈ ဦး |
| | စုစုပေါင်း | ၄၆ ဦး |

ဤအမိန့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၂)/၈/ကောင်စီရုံးအရ ထုတ်ပြန်ခြင်းဖြစ်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါဌာနများမှ ပူးတွဲပါတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း (၈၅) ဦးတို့အား ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းလိုက်သည်-

| စဉ် | ဌာနများ | တာဝန်ထမ်းဆောင်ဆဲ |
|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၇ ဦး |
| ၂။ | ကုန်သွယ်ရေးဦးစီးဌာန | ၂၆ ဦး |
| ၃။ | စားသုံးသူရေးရာဦးစီးဌာန | ၄၈ ဦး |
| ၄။ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ၄ ဦး |
| | စုစုပေါင်း | ၈၅ ဦး |

ဤအမိန့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၂)/၈/ကောင်စီရုံးအရ ထုတ်ပြန်ခြင်းဖြစ်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ ဦးစီးမှူး/ရုံးအုပ် (၆၁) ဦးအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လုပ်ငန်းဌာန |
|---|---|---|---|
| (က) | ဒေါ်ဝေဝေ | ၅/မရန (နိုင်) ၀၂၆၄၄၄ | စစ်ကိုင်းတိုင်းဒေသကြီး |
| ( ခ ) | ဒေါ်နန်းနီလာဝင်း | ၁၂/အစန (နိုင်) ၁၆၈၁၁၈ | ရုံးချုပ်၊ စီမံရေးရာဌာနခွဲ |
| ( ဂ ) | ဒေါ်ခင်မြတ်မူ | ၅/စကန (နိုင်) ၁၅၇၆၀၇ | စစ်ကိုင်းတိုင်းဒေသကြီး |
| (ဃ) | ဒေါ်နှင်းယုထွန်း | ၁၁/စတန (နိုင်) ၀၆၁၃၁၃ | ရခိုင်ပြည်နယ် |
| ( င ) | ဦးမြင့်အောင် | ၁၄/ပသန (နိုင်) ၀၅၁၆၅၇ | ဧရာဝတီတိုင်းဒေသကြီး |
| ( စ ) | ဒေါ်တိုးတိုးချွန် | ၅/မရန (နိုင်) ၀၁၇၉၄၅ | စစ်ကိုင်းတိုင်းဒေသကြီး |
| (ဆ) | ဒေါ်အိအိနိုင် | ၁/မကန (နိုင်) ၀၃၇၅၁၀ | ကချင်ပြည်နယ် |
| ( ဇ ) | ဦးမျိုးဝင်းနိုင် | ၇/ဖမန (နိုင်) ၀၉၆၃၈၀ | ကရင်ပြည်နယ် |
| (ဈ) | ဦးခင်မောင်သန်း | ၇/ကဝန (နိုင်) ၀၂၆၁၄၇ | ရှမ်းပြည်နယ် (တောင်ကြီး) |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လုပ်ငန်းဌာန |
|---|---|---|---|
| (ည) | ဒေါ်တိုးတိုးယဉ် | ၁၀/ကမရ (နိုင်) ၀၁၈၀၂၈ | မွန်ပြည်နယ် |
| (ဋ) | ဦးဦးသိန်းမောင် | ၁၁/စတန (နိုင်) ၀၅၅၈၃၇ | ရခိုင်ပြည်နယ် |
| (ဌ) | ဒေါ်ခင်မာကြည် | ၁၃/မဘန (နိုင်) ၀၀၀၆၀၁ | ရှမ်းပြည်နယ် (လားရှိုး) |
| (ဍ) | ဒေါ်ဇင်မာဦး | ၅/ဝလန (နိုင်) ၀၆၉၃၄၂ | မန္တလေးတိုင်းဒေသကြီး |
| (ဎ) | ဦးမောင်ကျော်မြင့် | ၁၁/ပတန (နိုင်) ၀၂၅၉၄၄ | ရခိုင်ပြည်နယ် |
| (ဏ) | ဦးသန့်ဇင် | ၁၃/တကန (နိုင်) ၁၉၆၉၁၂ | ရှမ်းပြည်နယ် (ကျိုင်းတုံ) |
| (တ) | ဦးဇော်ဝင်းလေး | ၈/ဆမန (နိုင်) ၀၀၁၂၈၉ | ရုံးချုပ်၊ သတင်းနည်းဌာနခွဲ |
| (ထ) | ဒေါ်မြသီတာ | ၆/ထဝန (နိုင်) ၀၆၄၅၈၀ | တနင်္သာရီတိုင်းဒေသကြီး |
| (ဒ) | ဒေါ်တင်မာရီ | ၁၄/ပသန (နိုင်) ၀၇၆၃၃၃ | ဧရာဝတီတိုင်းဒေသကြီး |
| (ဓ) | ဦးကျော်ငြေး | ၁၄/ပသန (နိုင်) ၀၆၁၃၃၇ | ရုံးချုပ်၊ စီမံရေးရာဌာနခွဲ |
| (န) | ဦးကျော်ဇင်ဦး | ၇/လပတ (နိုင်) ၁၂၃၉၄၉ | ရုံးချုပ်၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ |
| (ပ) | ဒေါ်ခင်မြတ်ကျော် | ၁၀/မလမ (နိုင်) ၁၂၉၆၂၁ | မွန်ပြည်နယ် |
| (ဖ) | ဒေါ်စန်းမြမြဝင်း | ၉/ကဆန (နိုင်) ၁၀၉၆၇၁ | မန္တလေးတိုင်းဒေသကြီး |
| (ဗ) | ဦးအောင်ကျော်မင်း | ၁၀/ကထန (နိုင်) ၀၈၀၈၇၅ | မွန်ပြည်နယ် |
| (ဘ) | ဒေါ်သွဲ့သွဲ့တင် | ၅/ဝလန (နိုင်) ၀၁၃၃၆၆ | ရုံးချုပ်၊ ထုတ်ကုန်လုံခြုံဌာနခွဲ |
| (မ) | ဦးဝင်းကျော်စိုး | ၇/မလန (နိုင်) ၀၇၁၉၄၆ | ရုံးချုပ်၊ စီမံရေးရာဌာနခွဲ |
| (ယ) | ဒေါ်မိုးသီတာလင်း | ၅/မရန (နိုင်) ၀၀၉၅၄၉ | စစ်ကိုင်းတိုင်းဒေသကြီး |
| (ရ) | ဦးဝေလင်းဖြိုး | ၁၄/ဘကလ (နိုင်) ၀၀၀၈၈၈ | ရုံးချုပ်၊ စီမံရေးရာဌာနခွဲ |
| (လ) | ဒေါ်ယဉ်ယဉ်ရွှေ | ၉/မနတ(နိုင်) ၀၀၃၀၆၃ | မန္တလေးတိုင်းဒေသကြီး |
| (ဝ) | ဦးစိုင်းဆိုင်လှိုင်း | ၁၃/မပတ (နိုင်) ၀၃၀၅၇၀ | မွန်ပြည်နယ် |
| (သ) | ဒေါ်ထိုက်ထိုက်ဝင်း | ၅/စကန (နိုင်) ၀၀၅၆၈၂ | နေပြည်တော်ဦးစီးမှူးရုံး |
| (ဟ) | ဒေါ်တင်မိုးအေး | ၁၂/ဥကတ (နိုင်) ၀၅၉၁၉၇ | ရုံးချုပ်၊ ငွေစာရင်းဌာနခွဲ |
| (ဠ) | ဦးစိုးထင်လင်း | ၉/ဝတန (နိုင်) ၁၀၃၀၅၂ | ရုံးချုပ်၊ စီမံရေးရာဌာနခွဲ |
| (အ) | ဒေါ်စန်းစန်းထွေး | ၉/တသန (နိုင်) ၁၁၆၁၈၆ | ရုံးချုပ်၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ |
| (ကက) | ဒေါ်ဥမ္မာစန်း | ၉/လဝန (နိုင်) ၁၃၀၂၉၅ | ရုံးချုပ်၊ သတင်းနည်းဌာနခွဲ |
| (ခခ) | ဒေါ်စန္ဒာဝင်း | ၁၂/အစန (ပြု) ၀၀၀၁၄၇ | ရန်ကုန်တိုင်းဒေသကြီး |
| (ဂဂ) | ဦးမြင့်နိုင် | ၁၄/ကပန (နိုင်) ၀၀၀၄၉၂ | ရှမ်းပြည်နယ် (တောင်ကြီး) |
| (ဃဃ) | ဦးရဲမင်းထွန်း | ၇/ညလပ (နိုင်) ၀၉၃၄၇၃ | ပဲခူးတိုင်းဒေသကြီး |
| (ငင) | ဒေါ်နှင်းမွန်အေး | ၅/ဝလန (နိုင်) ၁၀၃၅၁၈ | ရုံးချုပ်၊ စားသုံးသူရေးရာဌာနခွဲ |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လုပ်ငန်းဌာန |
|---|---|---|---|
| ( စ စ ) | ဦးကျော်စန်းထူး | ၅/မရန (နိုင်) ၁၂၆၁၀၆ | စစ်ကိုင်းတိုင်းဒေသကြီး |
| (ဆဆ) | ဦးဇေယျာအောင် | ၁/မကန (နိုင်) ၁၁၅၁၂၆ | ကချင်ပြည်နယ် |
| ( ဇ ဇ ) | ဒေါ်မိုးမိုးခိုင် | ၉/လဝန (နိုင်) ၁၃၈၄၃၁ | ရုံးချုပ်၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ |
| ( ဈ ဈ ) | ဦးမိုးညွန့်ဦး | ၁၃/မပတ (နိုင်) ၀၂၃၈၅၈ | ကယားပြည်နယ် |
| (ညည) | ဦးသန့်ဇင် | ၁၄/မမန (နိုင်) ၀၁၀၂၁၈ | ဧရာဝတီတိုင်းဒေသကြီး |
| ( ဋ ဋ ) | ဦးဇော်ထွန်းမင်း | ၁၄/လပတ (နိုင်) ၁၄၃၄၃၁ | ရုံးချုပ်၊ စီမံရေးရာဌာနခွဲ |
| ( ဌ ဌ ) | ဦးနေဇင်သက် | ၁၂/ဗတထ (နိုင်) ၀၀၁၄၀၈ | မွန်ပြည်နယ် |
| ( ဍ ဍ ) | ဦးစိုးမင်းထိုက် | ၁၄/ဖပန (နိုင်) ၀၉၆၀၃၇ | ဧရာဝတီတိုင်းဒေသကြီး |
| ( ဎ ဎ ) | ဒေါ်ခင်ခင်မိုး | ၁၂/ဥကတ (နိုင်) ၁၀၃၁၆၄ | ရန်ကုန်တိုင်းဒေသကြီး |
| (ဏဏ) | ဦးဝင်းဇော် | ၁၃/လရန (နိုင်) ၀၃၀၄၄၇ | ရှမ်းပြည်နယ် (လားရှိုး) |
| (တတ) | ဦးလှိုင်ထွန်း | ၁၄/ဟသတ (နိုင်) ၀၅၉၃၇၈ | ဧရာဝတီတိုင်းဒေသကြီး |
| (ထထ) | ဦးသန်းစိုး | ၇/လပတ (နိုင်) ၀၂၃၇၈၉ | ပဲခူးတိုင်းဒေသကြီး |
| ( ဒ ဒ ) | ဒေါ်သန်းသန်းအေး | ၇/ပတန (နိုင်) ၀၁၄၂၄၅ | ပဲခူးတိုင်းဒေသကြီး |
| ( ဓ ဓ ) | ဦးဦးသိန်းမောင် | ၁၁/စတန (နိုင်) ၀၂၈၁၃၆ | ရခိုင်ပြည်နယ် |
| ( န န ) | ဒေါ်ခင်စန်းဝေ | ၅/ဒပယ (နိုင်) ၀၀၁၆၈၁ | စစ်ကိုင်းတိုင်းဒေသကြီး |
| ( ပ ပ ) | ဦးစိုးအောင် | ၁၄/မမန (နိုင်) ၀၄၄၇၂၅ | မန္တလေးတိုင်းဒေသကြီး |
| ( ဖ ဖ ) | ဒေါ်စမ်းစမ်းမြင့် | ၃/ဘအန (နိုင်) ၀၁၆၆၂၆ | ကရင်ပြည်နယ် |
| ( ဗ ဗ ) | ဦးသိန်းဦး | ၈/မကန (နိုင်) ၀၀၉၀၀၃ | မကွေးတိုင်းဒေသကြီး |
| (ဘဘ) | ဒေါ်အေးမျိုးရွှေ | ၇/ပမန (နိုင်) ၀၉၂၃၃၆ | ပဲခူးတိုင်းဒေသကြီး |
| ( မ မ ) | ဒေါ်သန်းသန်းဆွေ | ၁၂/ကတန (နိုင်) ၀၈၈၂၈၀ | ရန်ကုန်တိုင်းဒေသကြီး |
| (ယယ) | ဒေါ်မြဇာဇာစိုး | ၁၂/ဒဂရ (နိုင်) ၀၀၈၅၉၂ | ရုံးချုပ်၊ ထုတ်ကုန်လုံခြုံဌာနခွဲ |
| ( ရ ရ ) | ဒေါ်မတင်အေး | ၁၁/ပတန (နိုင်) ၀၀၀၇၄၆ | ရုံးချုပ်၊ ငွေစာရင်းဌာနခွဲ |
| (လလ) | ဦးမျိုးလွင် | ၁၀/ဘလန (နိုင်) ၀၆၃၁၄၆ | မွန်ပြည်နယ် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၂ အရ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါ ဒုတိယ ညွှန်ကြားရေးမှူး (၂) ဦးအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဦးလန်းဆန်းဦး ၅/ရဘန (နိုင်) ၁၁၄၂၁၀

( ခ ) ဦးစိုးဝင်းမောင် ၁၂/မဂတ (နိုင်) ၀၁၃၀၅၂

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်း [၉/ကဆန (နိုင်) ဝ၂၁၄၄၄] အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) အစီအစဉ် (၄-ဂ) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (သင်ရိုး) ဒေါ်ခင်စန္ဒာလွင် အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ် လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မေလ ၇ ရက်မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) အစီအစဉ် (၄-င) ၌ သဘောတူဆုံးဖြတ်ချက်အရ ဆရာအတတ်ပညာ ဦးစီးဌာန၊ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်၊ ပညာရေးဘာသာရပ်များဌာနမှ ပါမောက္ခ ဦးစံထွန်းအေး အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) အစီအစဉ် (၄-ဃ) ၌ သဘောတူဆုံးဖြတ်ချက်အရ ဆရာအတတ်ပညာ ဦးစီးဌာန၊ ပခုက္ကူပညာရေးဒီဂရီကောလိပ်၊ သင်ပြနည်းဌာနမှ ပါမောက္ခ(တာဝန်ခံကျောင်းအုပ်ကြီး) ဒေါ်ခင်အေးမြင့် အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မွန်ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစန်းအောင် အား မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၁)/၈/ ကောင်စီ (၂၀၂၁) အရ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာတွင် အစမ်းခန့်ထားခဲ့သော စစ်ကိုင်းတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ စိုးမြင့်အေး သည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

ဒေါက်တာညွှန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ စိုင်းကျော်နိုင်ဦး<br>ညွှန်ကြားရေးမှူးချုပ် | နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဒေါက်တာ ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူးချုပ် | သုတေသနနှင့် တီထွင်<br>ဆန်းသစ်မှုဦးစီးဌာန | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| ( ဂ ) | ဒေါ်နွယ်နီ<br>ညွှန်ကြားရေးမှူးချုပ် | အဆင့်မြင့်သိပ္ပံနှင့်<br>နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ လဲ့လဲ့ဦး<br>ညွှန်ကြားရေးမှူးချုပ် | လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာ သိင်္ဂီမောင်မောင်<br>ညွှန်ကြားရေးမှူးချုပ် | အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာ မီမီချိုထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | နည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ အေးအေးခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ဇီဝနည်းပညာသုတေသန<br>ဦးစီးဌာန | အဖွဲ့ဝင် |

၂။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားသော ဖြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

( ခ ) ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်၊

( ဂ ) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ထိန်းချုပ်ရန်အတွက် စည်းမျဉ်း စည်းကမ်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

( င ) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

၃။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၂၃/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

### အမိန့်အမှတ် (၅၁၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Corona virus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် COVID–19 ရောဂါကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော (၁၄) ရက်အတွင်း COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူစစ်ဆေးရာတွင်လည်း လွန်ခဲ့သော (၁၄) ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် နံနက် ၄ နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်–

(က) **ကချင်ပြည်နယ်**

(၁) ဖားကန့်မြို့နယ်

(ခ) **စစ်ကိုင်းတိုင်းဒေသကြီး**

(၁) ကျွန်းလှမြို့နယ်

(၂) မုံရွာမြို့နယ်

(ဂ) **မကွေးတိုင်းဒေသကြီး**

(၁) တောင်တွင်းကြီးမြို့နယ်

(၂) မကွေးမြို့နယ်

(၃) မင်းဘူးမြို့နယ်

(၄) ဆင်ပေါင်ဝဲမြို့နယ်

(၅) မင်းတုန်းမြို့နယ်

(၆) မင်းလှမြို့နယ်

(၇) သရက်မြို့နယ်

(၈) အောင်လံမြို့နယ်

(ဃ) **မန္တလေးတိုင်းဒေသကြီး**

(၁) ပြင်ဦးလွင်မြို့နယ်

(င) **ဧရာဝတီတိုင်းဒေသကြီး**

(၁) ပုသိမ်မြို့နယ်

၄။ အထက်ပါ မြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာကြရမည်ဖြစ်သည်။

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

အမှတ် ၂။ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ မကွေးမြို့၊ သင်ကြားရေးဆေးရုံကြီးမှ ပါမောက္ခ (မေ့ဆေး) ဒေါက်တာ အေးကို (ဆမ-၁၁၈၆၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ကုသရေးဦးစီးဌာန၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ဝထရ-၄/သပ-၁ဃ/၂၁-၅၉ ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်စာအား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (စ) | ဒုတိယအမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်–

(က) ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဆောင်ရွက်ချက်များသည် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့် ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များညွှန်ကြားရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲမှုရှိစေရေး၊ လျာထားချက် ဘောင်အတွင်းမှ သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်၊ အဆိုပြုချက်များကို အသေးစိတ်စိစစ်ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဂ) နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) တည်ဆောက်ခြင်း၊ပစ္စည်းဝယ်ယူခြင်း၊ဝန်ဆောင်မှုရယူခြင်း၊ငှားရမ်းခြင်းနှင့်လေလံတင်ရောင်းချခြင်းများ ဆောင်ရွက်ရာ၌ တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်းဆောင်ရွက်ပြီး ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(င) ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊

(စ) ကော်မတီသည် စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင် ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တာဝန် ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာန အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးကို ရက်သတ္တ (၂) ပတ်လျှင် (၁) ကြိမ်ကျင်းပသွားရန်ဖြစ်သည်။

မင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၃၉/၂၀၂၁ အရဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော် အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/၁၃၃၈၊ အင်ဂျင်နီယာချုပ် (မြို့ပြ) (စီမံရေး)၊ ဒေါ်အေးအေးရီ သည် ၁၇-၃-၂၀၂၂ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစား မယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၇-၁၁-၂၀၂၁ ရက်နေ့မှ ၁၆-၃-၂၀၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၁၇-၃-၂၀၂၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၃၈၇/၂၀၂၁)**
နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၂၁၅၊ အင်ဂျင်နီယာချုပ် (မြို့ပြ)၊ ဒေါ်ခင်ဆန်းသွင် သည် ၆-၃-၂၀၂၂ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည် ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၆-၁၁-၂၀၂၁ ရက်နေ့မှ ၅-၃-၂၀၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၆-၃-၂၀၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၀၆/၂၀၂၁)**
နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) (၂) ဦးတို့အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ |
|---|---|---|
| (က) | ဦးကျော်စွာထွန်း<br>ဆ/၁၄၇၉ | တည်ဆောက်ရေးအဖွဲ့ (၁)<br>မန္တလေး |
| ( ခ ) | ဦးအောင်သီဟ<br>ဆ/၁၉၅၁ | တည်ဆောက်ရေးအဖွဲ့ (၂)<br>ညောင်ဦး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၀၇/၂၀၂၁)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၄) မန္တလေးမှ ကိုယ်ပိုင်အမှတ် ဆ/၁၉၃၉၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးမြင့်နိုင်ဦး အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲရေးဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၈/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၅) လှိုင်လင်မှ ကိုယ်ပိုင်အမှတ် ဆ/၁၃၅၂၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်မင်းသိန်း အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄၃/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ရုံးချုပ်၊ တည်ဆောက်ရေး (၄) တွင် လစ်လပ်လျက် ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးနေရာသို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၂၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆလက/၄၁၄၃၆၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင် - ၁ ဒေါ်ဦးခင်စော အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၁) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ဘဏ္ဍာရေး) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၂၉/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ စာရင်းကိုင် - ၂ (၃) ဦးနှင့် ဒုတိယဦးစီးမှူး (၄) ဦး စုစုပေါင်း (၇) ဦးတို့အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၁) ၏ သဘောတူညီချက်အရ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါနေရာများတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)ဖြင့် ဦးစီးအရာရှိရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်အပ်လိုက်သည်-

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (က) | ဦးရဲမြင့် ဆလက/၄၁၄၅၉ | ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |
| (ခ) | ဒေါ်သင်းသင်းစိန် ဆလက/၄၄၃၁၈ | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |
| (ဂ) | ဒေါ်သီတာတိုး ဆလက/၄၄၁၉၁ | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |
| (ဃ) | ဒေါ်ခိုင်ခိုင်မော် ဆလက/၄၉၂၄၁ | e-Government ဌာနခွဲ (စာရင်းပြု) ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ (တွဲဖက်) |

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့်နေရာ |
| --- | --- | --- |
| (င) | ဒေါ်လှမျိုးဆွေ ဆလက/၄၂၆၃၂ | ဦးစီးရုံး |
| (စ) | ဒေါ်မေဇင်မာအောင် ဆလက/၄၉၂၄၄ | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (ဆ) | ဒေါ်ရင်ရင်ခိုင် ဆလက/၄၆၂၉၆ | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၄၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၄) မှ ကိုယ်ပိုင်အမှတ် ဆ/၁၃၅၂၊ ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးအောင်မင်းသိန်း သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၅၄/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဗိသုကာဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၂၁၈၁၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ဗိသုကာ)၊ ဒေါ်ချမ်းမြလင်း အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ဗိသုကာဌာနခွဲတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (ဗိသုကာ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၅၅/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဗိသုကာဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၂၁၈၀၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (ဗိသုကာ)၊ ဒေါ်မျိုးသီဂီအောင် အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ဗိသုကာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ဗိသုကာ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၅၆/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၂၄၇၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဒေါ်ရင်ရင်သန်း အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန အဆောက်အဦဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၅၇/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ လျှပ်စစ်ဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၄၆၁၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)၊ ဦးကျော်မင်း အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန လျှပ်စစ်ဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (လျှပ်စစ်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၆၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (သောကြာနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ဆုံးဖြတ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦး အား အသက် (၆၀) နှစ်ပြည့်ပြီးနောက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ (၁) နှစ် ဆက်လက်တာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၆၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

### ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်

လိုအပ်သည့် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (၁)<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး (၂)<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ခေတ္တညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ခေတ္တညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ခေတ္တတာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် ဌာနဆိုင်ရာလုပ်ငန်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ် ဆောင်ရွက်၍ လိုအပ်သည်များကို လမ်းညွှန်ရန်၊

(ခ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့်ပုဂ္ဂိုလ်များကို လုပ်ငန်းအရ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်စေရန်၊

(ဂ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် သွက်လက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီသည့် စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်ရန်၊

(ဃ) ဝန်ကြီးဌာန၏စီမံကိန်းလျာထားချက်များနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်အတွက် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်ရန်၊

(င) အရ အသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ် လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့် တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှုမကျဆင်းရေးအတွက် စီးပွားရေးလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်မြန်ဆန်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် ကော်မတီမှလေ့လာသုံးသပ်၍ နည်းလမ်းများ ရှာဖွေရယူသုံးသပ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်ရန်၊

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ ပြည်တွင်း၊ ပြည်ပပို့ကုန်/ သွင်းကုန်နှင့် သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာန၏ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာစီမံကိန်းများ၊ ကျေးလက်လမ်းလုပ်ငန်းများနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်အပေါ်တွင်မူတည်ပြီး အပတ်စဉ် သို့မဟုတ် လစဉ်လိုအပ်သလို မျက်နှာစုံညီခေါ်ယူတွေ့ဆုံကျင်းပ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်စွဲပါ စာအမှတ်၊ ၁/ ဌာနခွဲ-၁/EC/၂၀၂၁ (စီ ၄၀၉၃) ဖြင့် ယခင်ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၄၂၆/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၆၄/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဘေလီနှင့် ဆက်စပ်ပစ္စည်းများနှင့် ဓာတ်ခွဲခန်းဆိုင်ရာစမ်းသပ်ခြင်း (Lab Test) ပစ္စည်းများအား ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လအထိ) (၆) လ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်တွင်းကုမ္ပဏီများထံမှ စိစစ်ရွေးချယ်

ဝယ်ယူနိုင်ရေးအတွက် **တင်ဒါဦးစီးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** နှင့် **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** များအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **တင်ဒါဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဝင်းဖေ<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဝဏ္ဏဖော်<br>ခေတ္တတာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးစိုးထွန်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဝင်းသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးဝင်းရှိန်<br>အင်ဂျင်နီယာချုပ် (စီမံရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးရန်နောင်<br>လက်ထောက်အတွင်းဝန်<br>e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်ယဉ်ယဉ်ဆွေ<br>အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဝင်းရှိန်<br>အင်ဂျင်နီယာချုပ် (စီမံရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(၅) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ဖြည့်တင်းရေးဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးကျော်ကျော်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားတည်ဆောက်ရေးအဖွဲ့
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဒေါ်လင်းလင်းအုန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၈) ဦးဖြိုးအောင်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥတ္တရခရိုင်

(၉) ဦးသန်းယု — အဖွဲ့ဝင်
ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥတ္တရသီရိမြို့နယ်

(၁၀) ဦးသိန်းသန်းထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးစိုးထွန်းနိုင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါ်ယဉ်ယဉ်ဆွေ — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ငွေစာရင်းဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ဖြည့်တင်းရေးဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးကျော်ကျော်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားတည်ဆောက်ရေးအဖွဲ့
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးသိန်းသန်းထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဦးစိုးထွန်းနိုင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါ်ယဉ်ယဉ်ဆွေ — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ဖြည့်တင်းရေးဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးကျော်ကျော်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားတည်ဆောက်ရေးအဖွဲ့
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးသိန်းသန်းထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

၂။ **ကော်မတီ** များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါဦးစီးကော်မတီ** ၏ လုပ်ငန်းတာဝန်များ-

(၁) ပစ္စည်းဝယ်ယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ သတ်မှတ်ခြင်း၊

(၅) ပစ္စည်းများဝယ်ယူခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(၇) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါအောင်မြင်သူများအား ကြေညာခြင်း၊

(၉) တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်းနှင့် တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း။

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ–

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အတည်ပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်မှာ ဝယ်ယူမည့်ပစ္စည်းများ၏ ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြရမည်။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ–

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန/ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲဖြင့် ဖွဲ့စည်းထားသည့် ရုံးအမိန့်စာအမှတ် ၃၉၂/၂၀၂၁ အား ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲနှင့် ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲတို့တွင် အသုံးပြုမည့် လမ်းလုပ်ငန်းသုံးစက်ပစ္စည်းအပိုင်း/အခြားအပိုင်းများအား ပြည်တွင်းကုမ္ပဏီများထံမှ စိစစ်ရွေးချယ်ဝယ်ယူနိုင်ရေးအတွက်

**တင်ဒါဦးစီးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** များအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) **တင်ဒါဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဝင်းဖေ<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဝဏ္ဏဇော်<br>ခေတ္တတာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးစိုးထွန်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဝင်းသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်သန်း<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကျော်မင်းနောင်<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးသိန်းသန်းထွန်း<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကျော်နိုင်<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |

(၇) ဦးခိုင်ဝေလင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

(၈) ဦးစစ်အောင်လတ် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥတ္တရခရိုင်

(၉) ဦးသန်းယု — အဖွဲ့ဝင်
ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥတ္တရသီရိမြို့နယ်

(၁၀) ဦးထွန်းမင်းဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးစိုးထွန်းနိုင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါက်တာ ထွန်းမြင့်အောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးသိန်းသန်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဦးထွန်းမင်းဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဦးဝင်းသိန်း — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါက်တာ ထွန်းမြင့်အောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးမျိုးဝင်းညွန့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးထွန်းမင်းဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

၂။ **ကော်မတီ** များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါဦးစီးကော်မတီ** ၏ လုပ်ငန်းတာဝန်များ-

(၁) ပစ္စည်းဝယ်ယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(၄) တင်ဒါတွင် ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ သတ်မှတ်ခြင်း၊

(၅) ပစ္စည်းများဝယ်ယူခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါပေးသွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်းထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(၇) " တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၉) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင် ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း။

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ–

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်မှာ ဝယ်ယူမည့်ပစ္စည်းများ၏ ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြရမည်။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ–

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/၁၅၉၀၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ)၊ ဒေါ်ယဉ်ယဉ်ဆွေ အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) ရာထူးနေရာသို့ တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇၃/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖြည့်တင်းရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၈၃၅၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးခင်မောင်သန်း အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း(၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စီမံကိန်းဦးစီးဌာန

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

အမှတ် ၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်နီ အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဤပြန်တမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၉/၂၀၂၂) အရ ထုတ်ပြန်ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
ဝင်းသိန်း၊ ညွှန်ကြားရေးမှူး
စီမံကိန်းဦးစီးဌာန

### ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

အမှတ် ၁။ ပြည်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကျော်မြင့် အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားရန် လျှောက်ထားချက်ကို

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်း နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်ပြီး နည်းဥပဒေ (၈၇) (၈၉) တို့အရ ငြင်းပယ်ခွင့်ပြုထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ပြည်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးစံမင်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားမည်ဖြစ်သော ပြည်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကျော်မြင့်၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## သစ်တောဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

သစ်တောဦးစီးဌာန၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး ဦးဝင်းမော် (၃) (FD 00066) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ပျမ်းမျှလစာဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ငွေးအောင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

အမှတ် ၁၂၀။ ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအေးဖေ အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၁၂၂။ တောင်ကြီးတက္ကသိုလ်၊ ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာကျော်မြင့်ထူး အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာဝင်းထွန်း
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**MYANMAR JAPAN SMILE LINK CONSULTANCY CO., LTD**

Under Member's in company voluntary winding–up

(Desirable Liquidation in Progress)

Under Myanmar Companies Law Section 357 (Final Meeting and Dissolution)

According to the Myanmar Companies Law, Section 357, to confirm the Liquidation of **MYANMAR JAPAN SMILE LINK CONSULTANCY CO., LTD,** the Final Meeting will be held on at Pearl Condominium Building (B), Rm No (204), Corner of Sayar San Road and Kabar Aye Pagoda Road, Bahan Township, Yangon Region at 10:00 am on 18–3–2022.

U Chandra
Advocate
Liquidator
MYANMAR JAPAN SMILE LINK CONSULTANCY CO., LTD

**THUAN HUNG COMPANY LIMITED**

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်း

သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **THUAN HUNG COMPANY LIMITED** အား (၂၈–၁–၂၀၂၂) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဦးဆန်းထွန်း စာရင်းကိုင်အမှတ် (P–27) (B.A, CPA, F.B.S.A) အမှတ် (၆၅)၊ ပထမထပ်၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၂၀–၃–၂၀၂၂) ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

Mr. Vo Nguyen Nhu Nguyen
Managing Director
THUAN HUNG CO., LTD

U SUN TUN
B.A, CPA, F.B.S.A
Certified Public Accountant (P–27)
AUDITOR

## LUMINOUS PEARL COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ်အစည်းအဝေးဖိတ်ကြားခြင်း

**LUMINOUS PEARL COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၂၈-၂-၂၀၂၂) ရက်နေ့ နံနက် (၁၁:၀၀) နာရီတွင် ကုမ္ပဏီရုံးခန်း၌ နောက်ဆုံးအပြီးသတ်အစည်းအဝေးကျင်းပမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

LAE LAE WIN
MANAGING DIRECTOR
LUMINOUS PEARL CO., LTD

Daw Myo Nay Zar
B.A (Eco), CPA (PA–1440)
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## MYA WIN PHYAR COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ်အစည်းအဝေးဖိတ်ကြားခြင်း

**MYA WIN PHYAR COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၂၈-၂-၂၀၂၂) ရက်နေ့ နံနက် (၁၀:၃၀) နာရီတွင် ကုမ္ပဏီရုံးခန်း၌ နောက်ဆုံးအပြီးသတ်အစည်းအဝေးကျင်းပမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

DAW AYE MYAT MOE @ AYE AYE HTWE
MANAGING DIRECTOR
MYA WIN PHYAR CO., LTD

Daw Myo Nay Zar
B.A (Eco), CPA (PA–1440)
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## INFINITE ILLUMINATION WELLNESS AND FITNESS CONSULTANCY SERVICES LIMITED

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ်အစည်းအဝေးဖိတ်ကြားခြင်း

**INFINITE ILLUMINATION WELLNESS AND FITNESS CONSULTANCY SERVICES LIMITED** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၂၈-၂-၂၀၂၂) ရက်နေ့ နံနက် (၉:၃၀) နာရီတွင် ကုမ္ပဏီရုံးခန်း၌ နောက်ဆုံးအပြီးသတ်အစည်းအဝေးကျင်းပမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Mr Lan Risaeng
Managing Director
INFINITE ILLUMINATION WELLNESS AND
FITNESS CONSULTANCY SERVICES LIMITED

Daw Myo Nay Zar
B.A (Eco), CPA (PA–1440)
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## လင်းမြတ် ရတနာ ကုမ္ပဏီလီမိတက်

## (Lin Myat Yadanar Co.,Ltd)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းပိတ်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လင်းမြတ်ရတနာ ကုမ္ပဏီလီမိတက် (Lin Myat Yadanar Co., Ltd)** အား (၂၀-၁-၂၀၂၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းပိတ်သိမ်းရာတွင် ဦးသောင်းအေး B.A, CPA (R.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းပိတ်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသောင်းအေး
B.A, CPA (R.A)
စာရင်းရှင်းလင်းပိတ်သိမ်းရေးအရာရှိ
အမှတ် (၇၀၄)၊ (၇) လွှာ၊ ဗိုလ်မြတ်ထွန်းတာဝါ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၅၅၉၄၃၅၃

## MOTION THERMAL SYSTEMS COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **MOTION THERMAL SYSTEMS COMPANY LIMITED** ကိုအစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းရန် (၆-၂-၂၀၂၂) နေ့တွင် ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော အထူးအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ထို့အပြင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိုးမြင့် (P.A, 372, B.A, R.A, CPA) မှတ်ပုံတင်အမှတ် ၁၃/ကမန (နိုင်) ၀၆၂၉၆၀၊ အမှတ် (၂၄) တတိယထပ်၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေသူအား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီနှင့် ပတ်သက်၍ ပေးရန်ရရန်ရှိသည်များကို တစ်လအတွင်း ဦးစိုးမြင့်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

CHOU, MING CHANG
Managing Director
Motion Thermal Systems Company Limited

ဦးစိုးမြင့်
B.A, R.A, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဝင်း နှင့် ဝင်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
## (Win & Win Services Company Limited)

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု (ဖမ်မက် ကုမ္ပဏီလီမိတက်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဦးဝင်းဆွေ
မန်နေးဂျင်းဒါရိုက်တာ
ဝင်း နှင့် ဝင်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း (Claim Notice)

## ဝင်း နှင့် ဝင်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

**ဝင်း နှင့် ဝင်း ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၇-၃-၂၀၂၂) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီလီမိတက်
အမှတ် (၆၃၅-အေ-၁)၊ အခန်း (အေ-၃)၊ (ဘီ-၃)၊ (၂) ရပ်ကွက်
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၇၈၂၃၃၁၅၈၊ ၀၁ ၂၃၀၄၃၄၉

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၉၂၅/ ၁၈-၂-၂၀၂၂။